မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၆)၊ အမှတ်(၁၂၁)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနင်္လာနေ့

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်တို့က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြစဉ်။

နေပြည်တော် ဩဂုတ် ၁၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ရာ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ စာမျက်နှာ ၁၆ ကော်လံ ၁ ➢

## အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး နေ့လယ်ပိုင်းဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေး၍ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအစဉ်အား အသိပေးကြေညာခြင်း


၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးရာတွင် အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဓာတ်အားရရှိစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလများတွင် ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စာမျက်နှာ ၁၁ ကော်လံ ၁ ⇨

### ဆောင်းပါး

## မိုးရာသီသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် မြို့ပြအခြေခံအဆောက်အအုံစီမံခန့်ခွဲမှု

စာ - ၁၃ သို့




## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် စာမျက်နှာ ၁၂ ကော်လံ ၄ ➤

## YBS ယာဉ်စီးခများအား တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ယခင်အတိုင်းသာ ကောက်ခံသွားမည်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်စီးခများအား ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံရန် YRTC မှ ဩဂုတ်လ ၁၄ ရက်က မီဒီယာတွေ့ဆုံပွဲပြုလုပ်၍ အများပြည်သူသို့ အသိပေးကြေညာခဲ့သော်လည်း ယင်းကြေညာမှုအား ယနေ့တွင် ပယ်ဖျက်ကာ ယခင်အတိုင်းသာ စာမျက်နှာ ၁၆ ကော်လံ ၄ ➧




## အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ လှည်းကူးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာ

စာ - ၅ သို့



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ပို့ဆောင်ပေးစဉ်။

## ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက်အချို့နှင့်ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

စာ - ၁၅ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်)

# စည်းလုံးညီညွတ်ငြိမ်းချမ်းခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကိုအလှဆင်

ယနေ့အချိန်အခါသည် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွ တည်ဆောက်ကြရမည့်အချိန်အခါဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ရွေးကောက်ပွဲကို တရားမျှတစွာကျင်းပခဲ့၍ ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး **"တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"** နှင့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"** ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများ၏လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာပြီး နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်လာသည်နှင့်အခြားသောကဏ္ဍပေါင်းစုံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အားလုံးအတွက် အခြေခံအကျဆုံးသောဖြစ်စဉ်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲပြီး နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးအမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကိုတည်ဆောက်သည့်နေရာတွင် **မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား** ခေတ်စနစ်နှင့် ကိုက်ညီသည့်ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့်နေရာတွင် အားလုံးတတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ်ထားပြီးဖြစ်သည်။ ကြုံတွေ့နေရသည့်သဘောထားကွဲလွဲမှုများနှင့်လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာအေးချမ်းစွာအဖြေရှာကြရမည်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် ရှမ်းနီအမျိုးသားညီညွတ်ရေးအဖွဲ့၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ပလောင်လွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့်လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ နောက်ကျလျက်ရှိသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်တပ်မတော်သည် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးပြကာ တောင်းဆိုမှုများကြောင့် ငြိမ်းချမ်းရေးမှာအလှမ်းဝေးနေခြင်းဖြစ်သည်။ ယနေ့နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်ပြီး အောင်မြင်သည်အထိဆောင်ရွက်မည်ဖြစ်သည်။ ဖြစ်နိုင်သည်များကိုညှိနှိုင်းအဖြေရှာမှသာ ပြည်သူလူထုအတွက် ကောင်းမွန်သောငြိမ်းချမ်းရေးရလဒ်ထွက်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံအတွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များကိုပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခများကင်းရှင်းရမည်ဖြစ်သည်။ သို့မှသာ လူငယ်မောင်မယ်များ စာသင်ကျောင်းတွင် အေးချမ်းစွာပညာသင်ကြားနိုင်မည်ဖြစ်သည်။ ပညာသင်ခွင့်ရမှသာ လူငယ်များ ကြီးပြင်းလာပါက အရာရာတိုင်းတွင် ကြောင်းကျိုးဝေဖန်စဉ်းစားဆင်ခြင်နိုင်ကြပေလိမ့်မည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရလဒ်နှင့်အတူ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ပွင့်လင်းမြင်သာသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြည့်အဝယုံကြည်ပြီး မိမိတို့ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသတည်ငြိမ်ရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက **စည်းလုံးညီညွတ်ငြိမ်းချမ်းခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်**နိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပခုက္ကူပညာရေးဒီဂရီကောလိပ် အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ အဆောက်အအုံများပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ကံ့ကော်နှစ်ထပ်ဆောင်ဆေးသုတ်ခြင်း၊ မြဟေမာအမျိုးသားအိပ်ဆောင်အမိုးအသစ်လဲခြင်း၊ စားသောက်ဆောင်ဆေးသုတ်ခြင်းနှင့် စားသောက်ဆောင်မျက်နှာကြက် ပြုပြင်ခြင်းလုပ်ငန်းများအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပေးကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၂၆(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၃။ ၀၈:၄၅ သီချင်းလက်ဆောင်
၄။ ၀၉:၂၅ တစ်ချိန်ကသူတို့အကြောင်း
၅။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၆။ ၁၂:၄၀ လူတိုင်းကျန်းမာသိမှတ်စရာ
၇။ ၁၄:၅၀ မှတ်သားလိုက်နာပုံပမာ
၈။ ၁၆:၂၀ နိုင်ငံတကာသတင်း
၉။ ၁၆:၄၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၈:၄၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး
၁၁။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၉)**
၁၂။ ညစ၈နာရီသတင်းအပြီး မိုးလေဝသသတင်း
၁၃။ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၁၄။ Sharing Knowledge

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာ၌ တောင်သူများ စိုက်ပျိုးထားသော ပဲတောင့်ရှည်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ကျောက်ဆည် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ကြက်သွန်၊ ပဲတီစိမ်း၊ ငရုတ်၊ ငှက်ပျော၊ ဝါ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးသည့်အပြင် မြစ်၊ ချောင်းများဘေးရှိ နုန်းတင်မြေနုများနှင့်ယာမြေတချို့၌ ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များ စိုက်ပျိုးကြရာ ဇရပ်ဖြူကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပဲတောင့်ရှည်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ ပဲတောင့်ရှည်စိုက်တောင်သူများအနေဖြင့် စိုက်ပျိုးပြီးနှစ်လအကြာတွင် စတင်ခူးဆွတ်ရကာ အသီးလှိုင်ချိန်တွင် တစ်ကြိမ်ခူးဆွတ်ပါက ပိဿာ ၃၀ ကျော်ရရှိကြောင်း၊ ပဲတောင့်ရှည်သည် နေ့စဉ် သို့မဟုတ် တစ်ရက်ခြားခူးဆွတ်ရောင်းချနိုင်၍ ပဲတောင့်ရှည်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေး၊ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးအပြင် တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်နည်းစနစ်များကို လိုအပ်ချက်အတိုင်း ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ငှက်ပျောလျှော် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်



တောင်ငူ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဒေသထွက်စိုက်ပျိုးရေးကုန်ကြမ်းစွန့်ပစ်ပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်သစ်များ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ငှက်ပျောလျှော်တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က ရေတာရှည်မြို့နယ် ဇလုပ်ကြီးကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားကာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရေတာရှည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကိုဩဂုတ်လ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေတာရှည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ကော့သောင်း ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က ကော့သောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မဟော်ဂနီခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားကို Grade-3 ကျောင်းသား၊ ကျောင်းသူများက စုံအောင်စားကြမယ် တေးသီချင်းဖြင့် သရုပ်ပြဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်က ကျန်းမာရေးနှင့်ညီညွတ်သည့်အပြုအမူများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။ ယင်းနောက် Grade-6 နှင့် Grade-7 ကျောင်းသား၊ ကျောင်းသူများက ဘဝတွက်တာကျွမ်းကျင်စရာ တေးသီချင်းဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများက အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးကုသပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဆောင်ရွက်၍ ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေးအသိပညာပေးသရုပ်ပြခြင်း၊ အစာအာဟာရအုပ်စုများကို နေ့စဉ်မျှတစွာစားသုံးရေး အသိပညာပေးခြင်းနှင့် အမျိုးသမီးငယ်များအား သံဓာတ်အားဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး နေထိုင်စားသောက်နည်းများအကြောင်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုနှင့် တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ်လ ၁၅ ရက်က အဆိုပါမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံးမေတ္တာစံအိမ်ခန်းမ၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး နေထိုင်စားသောက်နည်းများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ကြိုတင်ကာကွယ်နည်းများ၊ ရောဂါဖြစ်ပွားပါက ကုသနည်းများ၊ လက်ကိုစနစ်တကျဆေးကြောနည်း၊ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နည်းများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟို အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက အသိပညာပေးဟောပြောဆွေးနွေးပေးခဲ့သည့် သက်ဆိုင်ရာတာဝန်ရှိသူများအား ဂါရဝပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံးဝင်းအတွင်း ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ရေစည်၊ ရေအိုးများနှင့် ရေသိုလှောင်ကန်များအတွင်း ကလိုရင်းဆေးရည်များကို လိုက်လံထည့်သွင်းပေးခဲ့ကြသည်။

အခမ်းအနားသို့ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဖြတ်သင်တန်းသားများ၊ တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဝန်ထောက်ကြီးမှာ ဟင်းခွက်ကိုငုံ့၍ နှိုက်နေခိုက်ဖြစ်၍ ကျသွားသည်ကို မမြင်လိုက်ဘဲရှိရာ ဝန်ထောက်ကတော်ကြီးက "ဟဲ့ . . . သမီးဘာလဲ ကျသွားပါကလား"ဟုပြောလျှင် မိမိရီသည် ကျသွားသော စက္ကူခေါက်ကလေးကို လက်ဖြင့်ကောက်ယူ၍ ဝှက်ထားလေ၏။

ဝန်ထောက်ကတော်ကြီးလည်း မကြားသေးဟု အောက်မေ့၍ -

"ဟဲ့ မိမိရီ ဘာလဲမသိဘူး ကျသွားတယ်၊ ကြည့်ပါဦး" ဟု ထပ်၍ ပြောလျှင် မိမိရီသည် အပြောရခက်သဖြင့် မိခင်အား ကြည့်၍နေစဉ် ဝန်ထောက်ကြီးက "ဟဲ့ ... ကောင်မလေး နင့်မေမေပြောတာ မကြားဘူးလား"

"ဘာမှမကျပါဘူး ဖေဖေရဲ့"ဟုပြော၍ ထိုင်ရာမှထ၍ အဝတ်ကို ခါပြပြီးလျှင် မိခင်ကိုစိုက်၍ကြည့်ရာ ဝန်ထောက်ကတော်ကြီးလည်း ရိပ်မိသဖြင့် ထပ်၍မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

မိမိရီလည်း အစ်မဖြစ်သူ မိမိကြည်ထံမှ စာကိုဖတ်ပြီးလျှင် စားပွဲပေါ်တွင်ချထားရာ ဝန်ထောက်ကြီးလည်း စာကိုကောက်ယူ၍ဖတ်ကြည့်ပြီးလျှင် -

"ဘာမှအထူးမပါပါဘဲကလား၊ သူ့ကလေးအကျႌတိုနေတာများ စာထဲထည့်ရေးလို့ ဘယ်သူက သိချင်ဦးမှာလဲ၊ မိမိရီ ဆေးတံယူခဲ့စမ်း" ဟု ပြော၍ထလေ၏။ ဝန်ထောက်ကတော်က -

"ခုတင်က ကျသွားတာ ဘာလဲသမီးရဲ့၊ မေမေမြင်လိုက်ပါတယ်"

"ဟုတ်ပါတယ် မေမေရဲ့ကျပါတယ်၊ ဖေဖေက ဘာဖြစ်ဖြစ် အင်မတန်သိချင်တတ်လွန်းလို့ မမက သူများမသိစေချင်တဲ့အကြောင်း ရေးချင်ရင် စက္ကူအငယ်ကလေးနဲ့ တခြားရေးပြီး ထည့်တတ်တယ်၊ ဒီတစ်ခါ ဘာများပါမလဲမသိဘူး"

"သမီးက ဘယ့်နှယ်ပြောသလဲ၊ သမီး စာကို ဖေဖေမကြည့်ကောင်းဘူး အောက်မေ့သလား"

"မဟုတ်ပါဘူးမေမေရယ်၊ ဖေဖေက သိတတ်တဲ့ ဖေဖေဖြင့် ညီအစ်မချင်းရေးတဲ့စာဆို တစ်ခါတလေ တောက်တီးတောက်တဲ့တွေပါလို့ ဖေဖေကြည့်လို့ မတော်ပေဘူးဆိုတာ သိတတ်ဖို့ကောင်းပါတယ်"ဟု ပြော၍ စက္ကူခေါက်ကလေးကို ဖြေဖတ်ရာ ပြီးလျှင်ပြီးချင်း စက္ကူကို လက်ဖြင့်ခြေလိုက်ပြီးမှ "မောင်ကြီးအကြောင်း မေမေရေ့၊ ကံကောင်းလို့ ဖေဖေမမြင်ပေတာကျေးဇူး၊ မြင်များမြင်မှဖြင့်"

"ပြောစမ်းပါဦးသမီးရဲ့၊ မေမေကြားချင်လှပါပြီ၊ ငါ့သားအကြောင်း ဘာများပါသလဲ ပြောစမ်းပါဦး"

"ယခု ရွှေလသာရင် မောင်ကြီး ဒီကိုလာလိမ့်မယ်လို့ စာရသတဲ့၊ ကျွန်မက စိန်ပန်းပင်အောက်ကို ညတိုင်းလှမ်းကြည့်ရမတဲ့" ဟုပြောလျှင် -

"ကောင်းပါလေရဲ့တော်၊ မောင်မင်းကြီးသား ငါ့သားကလေး မမြင်ရတာကြာလှပြီ၊ ဒီတစ်ခါလာရင်ဖြင့် ဝအောင်ကြည့်လိုက်ရဦးမယ်၊ ဒီကနေ့ လဆန်း ၆ ရက်ရှိပြီ၊ ရွှေလသာရင်လာမယ်ဆိုတော့ ၄၊ ၅ ရက်အတွင်းကျတာပေါ့၊ ကောင်းပါလေရဲ့တော်၊ စာရွက်ကလေး ဆုတ်ပစ်လိုက်ပါသမီးရယ် မထားပါနဲ့"

"ကိုထွန်းမြတ်ပြရဦးမယ်မေမေရဲ့၊ ပြပြီးတော့ ဆုတ်ပစ်ပါ့မယ်"

"ဒါဖြင့် မောင်ထွန်းမြတ်ကို ဒီကနေ့ပြဖြစ်အောင်ပြပါ သမီးရယ်၊ ပြပြီးတော့ ဆုတ်ပစ်ဖို့မမေ့ပါနဲ့"

မိမိရီလည်း မောင်ထွန်းမြတ်ကိုတွေ့ရန် အလုပ်ရုံးသို့ သွားရာ စာရေးကြီး ဦးသာဒွန်းက -

**"ဝန်ထောက်မင်းလည်း ၆ နာရီထိုး၍ အိမ်ပေါ်မှဆင်းသွားလေလျှင် မိမိရီသည် မောင်ထွန်းမြတ်၏အိမ်သို့သွားလေ၏။ ဝင်းပေါက်တွင် မစောနှင့်တွေ့၍ –**

**"ကိုထွန်းမြတ်လာပြီလားဟေ့" ဟု မေးရာ -**

**"မလာသေးဘူးရှင့်၊ မဝင်ဘူးလားအစ်မကြီးရဲ့၊ မမလေးတော့ရှိတယ်"ဟုပြောလျှင် မိမိရီသည် သူတစ်ပါးနှင့် စကားမပြောလိုသည်ဖြစ်၍ ပြန်မည်ဟု လှည့်သွားရာ မောင်ထွန်းမြတ်လာသည်နှင့်တွေ့လေ၏ . . ."**

"အခုပဲ ရုံးသွားတယ် မမလေးရဲ့၊ ဒီကနေ့ အမှုများလို့ အပြန် ဒီကိုဝင်ချင်မှဝင်မယ်" ဟုပြောလိုက်လျှင် မိမိရီသည် အိမ်သို့ပြန်လာခဲ့ရလေ၏။ ယင်းနေ့ညနေ၌ မိမိရီသည် ဝင်းပေါက်မှရပ်၍ မောင်ထွန်းမြတ်အပြန်ကို စောင့်ဆိုင်းလျက်နေရာ မောင်ထွန်းမြတ်ကို မမြင်ဘဲရှိလေလျှင် မိခင်အား "မေမေ ကိုထွန်းမြတ် ဒီလမ်းကမပြန်ဘူး၊ ကျွန်မ အိမ်သွားလိုက်ရမလား"

"သွားလိုက်ပါ သမီးရယ်၊ သူနဲ့တွေ့မှ နေရာကျမယ်၊ သူ့ကို အကျိုးအကြောင်းကုန်အောင်ပြောပြီး ဘယ့်နှယ်လုပ်မလဲလို့လည်း မေးခဲ့ပါ သမီးရယ်"

ထမင်းစား၍ပြီးကြလျှင် ဝန်ထောက်ကြီးသည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်လျက် ဆေးတံသောက်နေရာ မိမိရီက -

"ဖေဖေ ဒီကနေ့ည အခွန်ဝန်မင်းအိမ်သွားမလို့ဆို"

"နင့်အလုပ်လား"

"ကျွန်မက ဖေဖေမေ့နေသလားလို့ပါ"

"ငါသွားစရာရှိတာ ငါမေ့ပါ့မလား၊ ဒီကောင်မလေးကို သူ့အသံ သူတယ်ကြားချင်တယ်မှတ်တယ်"

ဝန်ထောက်မင်းလည်း ၆ နာရီထိုး၍ အိမ်ပေါ်မှဆင်းသွားလေလျှင် မိမိရီသည် မောင်ထွန်းမြတ်၏ အိမ်သို့သွားလေ၏။ ဝင်းပေါက်တွင် မစောနှင့်တွေ့၍ -

"ကိုထွန်းမြတ်လာပြီလားဟေ့" ဟု မေးရာ -

"မလာသေးဘူးရှင့်၊ မဝင်ဘူးလားအစ်မကြီးရဲ့၊ မမလေးတော့ရှိတယ်" ဟုပြောလျှင် မိမိရီသည် သူတစ်ပါးနှင့် စကားမပြောလိုသည်ဖြစ်၍ ပြန်မည်ဟု လှည့်သွားရာ မောင်ထွန်းမြတ်လာသည်နှင့်တွေ့လေ၏။ ခင်စိန်ကြည်လည်း ပြတင်းပေါက်အနီးတွင် ထိုင်လျက်ရှိသဖြင့် မိမိရီသည် ဝင်းပေါက်မှလှည့်ပြန်သွား၍ မောင်ထွန်းမြတ်နှင့် တွေ့ပြီးလျှင် စာရွက်ကလေးတစ်ရွက်ကို ဖြန့်၍ပြနေသည်ကို မြင်ရလေ၏။

မစောလည်း အိမ်တွင်းသို့ဝင်လာလျှင် "ဟဲ့ . . . ဟိုဟာ မိမိရီမဟုတ်လား"ဟု မေးရာ "ဟုတ်တယ် မမလေးဘုရား၊ လာပြီးမှ ကိုကိုမရှိဘူးပြောလိုက်လို့ လှည့်ပြန်သွားပြီး ဟိုအနားမှာပဲ ကိုကိုနဲ့တွေ့နေကြတယ်" ဟု ပြောလျှင် မောင်သက်ညွန့်သည် အနီးတွင်ရှိသဖြင့် ခင်စိန်ကြည်အား ကရုဏာအားကြီးသောမျက်နှာထားနှင့်ဟန်လုပ်ကာ ပြတင်းပေါက်ဘက်သို့လှည့်၍ မောင်ထွန်းမြတ်တို့ကို ကြည့်နေပြန်၏။

မိမိရီက "အခန့်သင့်လိုက်တာရှင်၊ ဒီကနေ့ ကျွန်မ အလုပ်ရုံးတောင်ရောက်သေးတယ်၊ အခုလည်း မရောက်သေးဘူးဆိုတာနဲ့ ပြန်တော့မယ်လုပ်တုန်း အခန့်သင့်လိုက်တာ၊ သတင်းကောင်းကြားရတယ်ရှင့်"

"ဘာသတင်းလဲ" ဟု မောင်ထွန်းမြတ်က မေးလျှင် -

မိမိရီသည် မိမိကြည်ထံမှရသော စာရွက်ကလေးကိုထုတ်၍ ပြလေ၏။ မောင်ထွန်းမြတ်နှင့် မိမိရီတို့လည်း ခေါင်းချင်းဆိုင်လျက် စာကိုဖတ်နေကြလျှင် ခင်စိန်ကြည်၊ မောင်သက်ညွန့်နှင့် မဂျမ်းပုံတို့သည် ပြတင်းပေါက်တစ်ခုစီမှ ကြည့်လျက်နေကြကုန်၏။

မိမိရီက -

"မောင်ကြီးကံကောင်းလာပြီထင်တယ်ရှင့်၊ တစ်နေ့ကပဲ သူ ဒီမှာရှိလျှင် နေရာကျမယ့်အကြောင်းပြောနေကြတုန်း ဒီကနေ့ ဒီစာရတယ်၊ မောင်သက်ညွန့်ကို မြင်စေရအောင်တော့ ကိုထွန်းမြတ်ကကြံမှာ"

"သူဘယ်တော့ပြန်မယ်တဲ့လဲ"

"သန်ဘက်ခါပြန်မယ်ပြောတယ်"

"ပြီးပါပြီရှင်၊ ဒါဖြင့် ဒီအတွင်း မောင်ကြီးမလာလျှင် ဘယ့်နှယ်လုပ်ရပါမယ်"

ဆက်လက်ဖော်ပြပါမည်။

## ကော့မှူးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမင်ခြံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ်လ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စော၊ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုလတ်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ သမင်ခြံကျေးရွာ၌ ပြည်သူ+ကျေးလက်+ယူနီဆက်ဖ်အစီအစဉ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ဆောင်ရွက်မည့် ရေစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ကျေးရွာမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးနှင့်တာဝန်ရှိသူများက သမင်ခြံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**အိပိုးပိုး**

## ဆီးချိုရောဂါကိုမှန်ကန်စွာနားလည်ခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်းတို့ ပူးပေါင်းကာ ဆီးချိုရောဂါကို မှန်ကန်စွာနားလည်ခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ ဝိတိုရိယဆေးရုံ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မိုးဝင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်း နာယကပါမောက္ခဒေါက်တာ တင့်ဆွေလတ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ သိန်းမြင့်က ဆီးချိုရောဂါဆိုတာဘာလဲ၊ ဆီးချိုအမျိုးအစားများနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဟော်မုန်းဇီဝဆေးကုဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာချိုမာက ဆီးချိုရောဂါ၏လက္ခဏာများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသမှုရည်မှန်းချက်များခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်သူများ၏ သိရှိလိုသောမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။ **ဝန်းရံခ**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ညီညီညွတ်ညွတ်နဲ့အလုပ်လုပ်ကြမယ်ဆိုရင်၊စွမ်းအားရှိသမျှအလုပ်လုပ်ကြမယ်ဆိုရင်တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာ အကြောင်းမရှိပါဘူး။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)**

# အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်မည်

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ၏စစ်ဆေးရေးအရည်အသွေးနှင့်ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏စာရင်းပညာဆိုင်ရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုတိုးတက်စေရေးအတွက် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (မန္တလေး)တည်ဆောက်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အဆိုပါသင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားမှ သိရသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့်ရန်ကုန်ကိုဖွင့်လှစ်၍ နိုင်ငံ၏စာရင်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များပိုမိုပေါ်ထွန်းလာစေရန် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး ယခုတည်ဆောက်မည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး)သည် တတိယမြောက်ဖွင့်လှစ်သည့် သင်တန်းကျောင်းဖြစ်ကာ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ကိုင်းမြို့ အသဉ်ယာ ဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍စစ်ဆေးရေးလုပ်ငန်းသည်ပြည်သူ့ဘဏ္ဍာငွေများစနစ်တကျသုံးစွဲနိုင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်၊ ခေတ်စနစ်နှင့်လျော်ညီသည့်စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူရန် မှာကြားသည်။

ဆက်လက်၍ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း (Compliance Audit) ကို စနစ်တကျ၊ အရည်အသွေးပြည့်ဝစွာဖြင့် ထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ရလဒ်အနေဖြင့် Audit Plan ရေးဆွဲရာတွင် စံသတ်မှတ်ချက်များ(Criteria)နှင့်အညီ Risk ဧရိယာများကို ဖော်ထုတ်၍ အန္တရာယ်မြင့်မားသော နယ်ပယ်များကို အဓိကထားစစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ လှည်းကူးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာ

**ရန်ကုန် ဩဂုတ် ၁၆**

ကျောင်းသား၊ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများသိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း မြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက(လှည်းကူး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်များသို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြပြီး အမျိုးသားပြတိုက်မှ တာဝန်ရှိသူက အမျိုးသားပြတိုက်၏သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်ရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ စသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်းကျင်းပ

**ဟိုပုံး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် လဲသက်ကျေးရွာအုပ်စု ကုန်းလမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးမြွန် တို့က မိမိတို့ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် လဲသက်ကျေးရွာအုပ်စု ကုန်းလမ်းကျေးရွာရှိ ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များတိုးတက်စေရေး၊ မြေလွတ်၊ မြေရိုင်းများအသုံးချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်းသည် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ရွက်ပေးခြင်း၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများမြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ဇူလိုင်လအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခုနစ်သောင်းကျော်တင်ပို့ထား



ရန်ကုန် ဩဂုတ် ၁၆

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လ တစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခုနစ်သောင်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့ခြင်းဖြစ်ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အတွင်း ဆန်နှင့်ဆန်ကွဲပို့ကုန်ကုမ္ပဏီ ၅၄ ခုမှ ဆန်တန်ချိန် ၁၄၁၇၈၂ တန်နှင့် ဆန်ကွဲတန်ချိန် ၂၈၄၁၃ တန်ကို တင်ပို့နိုင်ခဲ့ရာ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၄ သန်းရရှိခဲ့သည်။

ဇူလိုင်လအတွင်း နိုင်ငံအလိုက် ဆန်တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၂၅၄၁၆ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး ပိုလန်၊ နယ်သာလန်၊ စပိန်၊ တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း၂၀ သို့ တင်ပို့နိုင်ခဲ့သည်။

ဆန်ကွဲကို တရုတ်နိုင်ငံသို့ ၁၈၁၁၈ တန်ဖြင့် အများဆုံးတင်ပို့ထားပြီး ဘယ်လ်ဂျီယံ၊ နယ်သာလန် စသည့်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဝါဝါ

# ကျိုက်လတ်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းနှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကျိုက်လတ် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သာယာဝဲကျေးရွာအုပ်စု ရွှေဘိုစု၊ စီပင်စုနှင့် တဲကြီးစုကျေးရွာတို့တွင် အဋ္ဌမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းနှင့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၅ ရက်က ရွှေဘိုစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာတာဝန်ခံ ဒေါ်ယုဝေခင်နှင့် စီမံကိန်းတာဝန်ခံတို့က ရွှေဘိုစု၊ စီပင်စုနှင့် တဲကြီးစုကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ်သန်း ၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရွှေဘိုစု၊ စီပင်စုနှင့် တဲကြီးစုကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၈၁ ဦးအတွက် ငွေကျပ် ၄၃ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၁၆ ဦးအတွက် ငွေကျပ် ၃ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား ၁၀၇ ဦးအတွက် ငွေကျပ် သန်း ၅၀ ကို ထုတ်ချေးပေးကြကြောင်း သိရသည်။

ချစ်ဦးကို

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

သထုံ ဩဂုတ် ၁၆


မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗဟုသုတ ဇလင်းတန်ဖွံ့ဖြိုးရေးအတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ဩဂုတ်လ ၁၆ ရက်တွင် သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(မင်းတန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(မင်းတန်း) ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေးစာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# မြို့သစ်မြို့နယ်၌ ထင်းအစား တခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်



မြို့သစ် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ထင်းအစား တခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ဩဂုတ်လ ၁၅ ရက်က မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စု လှေဝန်းကျေးရွာ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား တခြားလောင်စာတိုးမြှင့်အသုံးပြုရန် အသိပညာပေးဟောပြောသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အိမ်ထောင်စုဝင် ၁၁၇ ဦးအတွက် အေဝမ်းမီးဖို ၁၁၇ လုံးကို ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများလက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

# ပဲခူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ပဲခူး ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၁၅ ရက်နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုကို ပဲခူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းခန့်ကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာမာလွင်နှင့် ပဲခူးမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဦးခင်မောင်တို့က လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူ ၁၆၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

(၄၁၀)



# ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် အိမ်ထောင်စုများအား ရေဘေးရှောင်စခန်းများသို့ ရွှေ့ပြောင်း

မင်းလှ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ်တောင်ရပ်ကွက် မြေနိမ့်ပိုင်း၌ နေထိုင်သော အိမ်ထောင်စုများနှင့် မလွန်ကျေးရွာ၌ ရေထပ်မံဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရန်လိုအပ်သည့် အိမ်ထောင်စုများအား ဩဂုတ်လ ၁၅ ရက် နံနက်ပိုင်းတွင် ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခြင်းများကို ဆောင်ရွက်သည်။

ရေဝင်ရောက်မှုကြောင့် မြို့ပေါ်တောင်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၆၅ ဦး၊ မလွန်ကျေးရွာရှိအိမ်ထောင်စု ၄၁ စုမှ လူဦးရေ ၁၃၀ ဦးတို့အား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များက ရေဘေးလွတ်ရာနေရာဖြစ်သည့် မြို့ပေါ်တောင်ရပ်ကွက်ရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းနှင့် မလွန်ကျေးရွာရှိ စာကြောစာသင်တိုက် ရေဘေးရှောင်စခန်းတို့သို့ ကူညီရွှေ့ပြောင်းပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

ကဝ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့်မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် မကျက်ကြီးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွားအဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

# လမ်း တံတား ရေပေးရေးလုပ်ငန်းနှင့် စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

လှိုင်းဘွဲ့ ဩဂုတ် ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းနှင့်စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၅ ရက် မွန်းလွဲပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသက်ထွေးလွင်က လွှတ်တော်တွင်တင်ပြထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လှိုင်းဘွဲ့မြို့နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အကြံပြုချက်များ၊ ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များကို ပြောကြားပြီး ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းစံက စီမံကိန်းရေးဆွဲခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလျာထားချက်များ၊ စီမံကိန်းအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ငါးနှစ်စီမံကိန်းသုံးခုမှ ကျေးရွာများ ရွေးချယ်ခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောကျော်နိုင်ထွန်းက စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ၏ အခြေပြမြေပုံများအား ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစောမြ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမြစိမ်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ စက်မှု၊ လက်မှုလုပ်ငန်းနှင့်လူငယ် စွမ်းအားအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီမံကိန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည့်လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်ရှိ စွန်ဆည်နှင့်ဆဒ္ဒန်ဆည် ရေလှောင်တမံ ရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိ

မြို့သစ် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဩဂုတ်လ ၁၆ ရက် နံနက် ၆ နာရီအချိန် ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှသိရသည်။

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၉၀ ပေရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ ကိုးပေခန့်၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၀ ဒသမ ၈၀ ပေရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ သုံးပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိသည်။

စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်အခြေအနေနှင့်ပတ်သက်၍ ပြည်သူများစိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အနီးကပ်ကြည့်ရှုစစ်ဆေးခြင်း၊ တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများအား ဆည်တမံများ၏အခြေအနေနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေများပေးအပ်

ပန်းတောင်း ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ဩဂုတ်လ ၁၄ ရက်မှစ၍ ဧရာဝတီမြစ်ရေစိမ့်ဝင်မြင့်တက်လာမှုကြောင့် ထုံးဘိုကျေးရွာအုပ်စုရှိ မဟာအတုလအနန္တဘုရားဓမ္မာရုံနှင့်တောင်လတ်ဘုရားဓမ္မာရုံတို့၌ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ရေဘေးသင့်အိမ်ထောင်စုများအား ဩဂုတ်လ ၁၆ ရက်တွင် တာဝန်ရှိသူများက ပံ့ပိုးငွေများပေးအပ်သည်။

ထိုသို့ပံ့ပိုးငွေများ ပေးအပ်ရာတွင် ပန်းတောင်းမြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးမော်နှင့်ဝန်ထမ်းများ၊ ဥသျှစ်ပင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက မဟာအတုလအနန္တဘုရားဓမ္မာရုံနှင့် တောင်လတ်ဘုရားဓမ္မာရုံတို့ရှိ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပြောင်းရွှေ့လာသော အိမ်ထောင်စု ၈၄ မှ လူဦးရေ ၃၀၇ ဦးအတွက် ငွေကျပ် ၁၅၃၅၀၀၀ ကို ပံ့ပိုးပေးအပ်ကြောင်းသိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၈-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# ကျန်းမာရေးနှင့်အလှအပအတွက် အကျိုးများသည့် ထောပတ်သီး

ဒေါက်တာလပြည့်ခင်



### ထောပတ်သီးတွင် ပါဝင်သောအာဟာရဓာတ်များ

ထောပတ်သီး၏ ၇ ရာခိုင်နှုန်းခန့်သည် အမျှင်ဓာတ်များပြီး တခြားအစားအစာများနှင့်နှိုင်းယှဉ်လျှင် အမျှင်ဓာတ်ပါဝင်မှုပိုများသည်။ ထိုအမျှင်ဓာတ်များသည် အူတွင်းရှိ အကျိုးပြုဗက်တီးရီးယားများ၏ ရှင်သန်မှုကိုအားပေးပြီး ခန္ဓာကိုယ်၏ လုပ်ဆောင်ချက်များအတွက် အရေးပါသည့် အာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ထို့ပြင် ထောပတ်သီးအသားနှင့် အခွံကြားတွင်ရှိသော အစိမ်းရင့်ရောင်အလွှာတွင် ကျန်းမာရေးနှင့်အလှအပရေးရာကို အလွန်အကျိုးပြုသော Omega-3 အဆီများစွာပါဝင်သည်။ Omega-3 အားဆေးသည် ဈေးကြီးသောအားဆေးထဲတွင် ပါဝင်သောကြောင့် ထောပတ်သီး၏အစိမ်းရင့်ရောင် Omega-3 အလွှာကို လွှင့်မပစ်ဘဲ စားသုံးခြင်းဖြင့် ကျန်းမာလှပနိုင်မည်ဖြစ်သည်။

### နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျော့ကျစေနိုင်သော ထောပတ်သီး

နှလုံးရောဂါသည် ဖြစ်ပွားမှုအများဆုံးရောဂါထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး တခြားရောဂါများ၏ ရှေ့ပြေးလည်းဖြစ်သည်။ ထောပတ်သီးတွင် နှလုံးနှင့်သွေးကြောစနစ်အတွက် ကောင်းကျိုးများစွာရှိသည်။ ထောပတ်သီးတွင် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သည့်အာဟာရဓာတ်များဖြစ်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဖီနောလ် စသည်တို့ပါဝင်သည်။ ထောပတ်သီးတွင် မပြည့်ဝဆီ အထူးသဖြင့် အိုလီရစ်အက်စစ် ပါဝင်သောကြောင့် သွေးတွင်းမှ မကောင်းသည့်ကိုလက်စထရော(LDL)ကို လျော့ကျစေကာ ကောင်းသည့်ကိုလက်စထရော(HDL)ကို တိုးပွားစေပြီး နှလုံးကိုကျန်းမာစေသည့်အပြင် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့်အတွက် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေကိုလျော့ကျစေနိုင်သည်။

### ကိုယ်အလေးချိန်ထိန်းညှိပေးသော ထောပတ်သီး

ထောပတ်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် အဆီဓာတ်အများစုသည် ကျန်းမာရေးအတွက် သင့်တော်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းပေးထားသဖြင့် မကြာခဏ ဆာလောင်မှုမဖြစ်စေရန် လုပ်ဆောင်ပေးနိုင်သည်။ ထောပတ်သီးတစ်လုံးတွင် အမျှင်ဓာတ် ၁၄ ဂရမ် ပါဝင်သောကြောင့် ကျန်းမာရေးအတွက် လွန်စွာကောင်းမွန်စေပြီး တစ်ဝက်မျှစားရုံဖြင့် ဗိုက်ဆာခြင်းကို အချိန်ကြာမြင့်စွာ ထိန်းထားပေးနိုင်သည်။ ထို့ကြောင့် တခြားအဆီများသည့် အစားအစာများစားခြင်းကို လျော့နည်းသွားစေနိုင်သည်။ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းညှိပေးပြီး ဇီဝကမ္မဖြစ်စဉ်များအတွက် ကောင်းကျိုးများစွာပေးသော ထောပတ်သီးကို ကိုယ်အလေးချိန်လျှော့ချလိုသော်လည်း ဗိုက်ဆာတတ်သူများအနေဖြင့် စားပေးသင့်သည်။

### ရောင်ရမ်းမှုကိုလျော့ကျစေသော ထောပတ်သီး

ထောပတ်သီးတွင် မပြည့်ဝဆီ အထူးသဖြင့် သံလွင်ဆီတွင်တွေ့ရတတ်သည့် အိုလီရစ်အက်စစ် ပါဝင်သောကြောင့် နှလုံးကိုကျန်းမာစေသည့်အပြင် ရောင်ရမ်းမှုကိုလျော့ပါးစေပြီး မျိုးရိုးဗီဇနှင့်ဆက်စပ်နေသော အကျိုးကျေးဇူးများလည်းရှိသည်။ ထို့ပြင် နာတာရှည်ရောဂါတစ်ခုဖြစ်သည့် အရိုးအဆစ်ရောင်ရမ်းနာဝေဒနာများကိုလည်း ထောပတ်သီးမှရသည့် အဆီများက သိသာစွာလျှော့ချပေးနိုင်သည်။

### အကျိုးကျေးဇူးများသော ထောပတ်သီး

ထောပတ်သီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့်အဆီများသည် အမျိုးသမီးများအတွက် ရင်သားကျန်းမာရေးနှင့် ကိုယ်ဝန်ကို အထောက်အကူပြုနိုင်သကဲ့သို့ အမျိုးသားများအတွက်လည်း ဆီးကျိတ်ကျန်းမာရေးနှင့် ဆဲလ်တစ်ခုလုံး၏ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။ ထောပတ်သီးသည် ဖောလစ်အက်စစ် ကြွယ်ဝစွာပါဝင်သောကြောင့် သန္ဓေသားကိုခွန်အားပေးနိုင်သည့်အပြင် ခန္ဓာကိုယ်ချို့ယွင်းခြင်းကိုကာကွယ်နိုင်ပြီး ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုသောကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပုံမှန်စားသုံးသင့်သောအစားအစာဖြစ်သည်။

### အသားအရေနှင့် ဆံသားကောင်းစေသော ထောပတ်သီး

ထောပတ်သီးတွင် ဗီတာမင်-A၊ ဗီတာမင်-C နှင့် ဗီတာမင်-E တို့ ပါဝင်သောကြောင့် အရေပြားကိုကျန်းမာစေပြီး အရေပြားတွင် အနီအပိမ့်များထွက်ခြင်းကိုလည်း သက်သာစေကာ ဝက်ခြံထွက်ခြင်းကိုကာကွယ်ပေးသည်။ ထောပတ်သီးတွင် အဆီဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် အရေပြားကောင်းမွန်မှုအတွက် အထောက်အကူပြုရုံမက ဆံသားကျန်းမာရေးအတွက်လည်း ကောင်းကျိုးပေးသည်။ ထောပတ်သီးတွင်ပါဝင်သည့် ဗီတာမင်-E နှင့် ဗီတာမင်-C သည် အရေပြားကိုစိုပြည်စေပြီး အရေးအကြောင်းဖြစ်ခြင်းကို သက်သာစေပြီး ဆံသားကိုသန်စွမ်းတောက်ပစေသည်။

### ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသောထောပတ်သီး

ထောပတ်သီးသည် အမျှင်ဓာတ်များခြင်းကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

### ကိုလက်စထရောလျော့ကျစေသော ထောပတ်သီး

ထောပတ်သီးတွင် ကောင်းမွန်သည့် ဆီအမျိုးအစားဖြစ်သည့် မပြည့်ဝဆီ ကြွယ်ဝစွာပါဝင်ပြီး ပြည့်ဝဆီပါဝင်မှုနည်းပါးသည်။ ပြည့်ဝဆီ များများစားပါက ကိုလက်စထရော များလာမည်ဖြစ်သည်။ မပြည့်ဝဆီစားသုံးခြင်းဖြင့် ကိုလက်စထရောပမာဏကို လျော့ကျစေသည့်အပြင် အင်ဆူလင်တုန့်ပြန်မှုကို ကောင်းမွန်စေသည်။

### မှတ်ဉာဏ်ပိုကောင်းလာစေသော ထောပတ်သီး

ထောပတ်သီးတွင် Omega-3 Fatty Acid နှင့် ဗီတာမင်-E ကြွယ်ဝစွာပါဝင်သောကြောင့် စဉ်းစားဆင်ခြင်ဉာဏ်ကောင်းမွန်စေသည့် Pre-frontal Cortex ဟုခေါ်သည့် ဦးနှောက်အစိတ်အပိုင်းကို သွေးထောက်ပံ့မှုကောင်းစေသည့်အတွက် စိတ်ပိုင်းဆိုင်ရာပြဿနာများ ကောင်းမွန်စေပြီး မှတ်ဉာဏ်ကိုတိုးတက်စေသည်။

### ကင်ဆာဖြစ်နိုင်ခြေကို လျော့ကျစေသော ထောပတ်သီး

ထောပတ်သီးသည် ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံးရောဂါတစ်ခုဖြစ်သည့် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျော့ကျစေသည့် အပင်မှရသော ဓာတုဒြပ်ပေါင်းများစွာပါဝင်သည်။ Xanthophyll၊ Lutein နှင့် Glutathione စသည့် ပရိုတင်းဓာတ်လည်း ပါဝင်သောကြောင့် ပါးစပ်ကင်ဆာဖြစ်နိုင်ခြေ နည်းပါးစေသည်။ ထောပတ်သီးက ဆီးကျိတ်နှင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျော့နည်းစေသည်။ အစောပိုင်းလေ့လာမှုများအရ ထောပတ်သီးတွင် ပါဝင်သည့် တချို့သောဓာတ်ပေါင်းများသည် သွေးဖြူဥကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်သည်။

ထောပတ်သီးသည် တခြားသစ်သီးများကဲ့သို့ အမျှင်ဓာတ်များသည့်အတွက် ဝမ်းချုပ်ခြင်းကိုမဖြစ်စေဘဲ ဝမ်းမှန်စေကာ အူမကြီးကင်ဆာဖြစ်ပွားနိုင်မှုကို လျှော့ချပေးသည်။ ထောပတ်သီးတွင် ပါဝင်သည့် အာဟာရဓာတ်များသည် အဖုအကျိတ်ကင်ဆာများနှင့် ဓာတ်ကင်ခြင်းမှဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သုတေသနများအရသိရသည်။

### မျက်စိအားကောင်းစေသော ထောပတ်သီး

ထောပတ်သီးတွင် ခန္ဓာကိုယ်တွင်းရှိ Free Radical များကို ချေဖျက်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါရှိပြီး အထူးသဖြင့် မျက်စိကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော Lutein နှင့် Zeaxanthin ကဲ့သို့ Carotenoid ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် အလင်းရောင်ကြောင့် မျက်လုံးပျက်စီးမှုနှင့် မျက်လုံးပြဿနာအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။

### အရေပြားနှင့်အရိုးများအတွက် အကျိုးပြုသောထောပတ်သီး

ထောပတ်သီးသည် ခန္ဓာကိုယ်မှ အာဟာရဓာတ်များကို ပိုမိုကောင်းမွန်စွာ စုပ်ယူနိုင်စေရန် ကူညီပေးပြီး အရေပြားကိုကျန်းမာစေပြီး အရိုးများသန်မာစေသည်။ ယင်းတို့သည် အရေပြားဆဲလ်များ ပြုပြင်ခြင်းကိုပံ့ပိုးပေးပြီး အရိုးများသန်မာစေရန် ကူညီပေးသည်။ ထောပတ်သီး ပုံမှန်စားပေးခြင်းဖြင့် အရိုးကျန်းမာရေးကို ကောင်းမွန်စေသည်။

### ပိုတက်ဆီယမ်ဓာတ်ကိုရရှိစေသော ထောပတ်သီး

ထောပတ်သီး ၁၀၀ ဂရမ်တွင် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သည့် ပိုတက်ဆီယမ်ပမာဏ၏ ၁၄ ရာခိုင်နှုန်းပါဝင်သည်။ ပိုတက်ဆီယမ်များစွာရရှိခြင်းဖြင့် သွေးဖိအားလျော့နည်းစေပြီး နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းဖြစ်နိုင်ခြေကို လျော့ကျစေသည်။

### ထောပတ်သီးစားသုံးရန် သတိပြုရမည့်အချက်များ

ထောပတ်သီးသည် ကျန်းမာရေးနှင့် ညီညွတ်သော်လည်း ကယ်လိုရီပါဝင်မှုမြင့်မားသောကြောင့် တစ်နေ့လျှင် အလတ်စားတစ်လုံး သို့မဟုတ် တစ်ဝက်ခန့်သာ ချင့်ချိန်စားသုံးသင့်သည်။ မည်သည့်အရာမဆို တန်ဆေးလွန်ဘေး ဖြစ်တတ်သောကြောင့် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့်ကလေးငယ်များ ကျန်းမာရေးကောင်းစွာ ဖွံ့ဖြိုးကြီးပြင်းလာစေရန် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် ဒေသန္တရပြည်သူ့ကျန်းမာရေးဆေးခန်း၌ ဩဂုတ်လ ၁၅ ရက်ကစတင်၍ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ဇင်ဦး၏ ဦးဆောင်မှုဖြင့် အပတ်စဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးငယ်များ၏ အသက်အရွယ်နှင့် ကာကွယ်ဆေးထိုးမှတ်တမ်းများကို စစ်ဆေးပြီး သတ်မှတ်ထားသည့်ကာကွယ်ဆေးထိုးနှံရမည့် အချိန်ဇယားနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံပေးရာတွင် မွေးကင်းစကလေးငယ်များအား ဘီစီဂျီ(BCG)ကာကွယ်ဆေးထိုးနှံပေးခြင်းအပြင် သတ်မှတ်အသက်အရွယ်အလိုက် ပိုလီယိုကာကွယ်ဆေးကို ထိုးဆေးနှင့် တိုက်ဆေးများကို အစီအစဉ်များအတိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကလေးငယ်များတွင် ဖြစ်ပွားနိုင်သည့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်နှင့် ဦးနှောက်အမြှေးရောင်၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါများမှ ကာကွယ်နိုင်ရန် ငါးမျိုးစပ်ကာကွယ်ဆေးကို သတ်မှတ်အကြိမ်နှင့် အသက်အရွယ်အလိုက် ထိုးနှံပေးလျက်ရှိသည်။ ကလေးငယ်များ၏ အသက်အရွယ်နှင့် ကာကွယ်ဆေးထိုးနှံအစီအစဉ်အရ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကိုလည်း သတ်မှတ်ထားသည့်အချိန်တွင် ထိုးနှံပေးမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများ မှန်ကန်စွာမှတ်တမ်းတင်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီးနောက် မိဘများအနေဖြင့် သိရှိလိုက်နာရမည့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# မင်းဘူးမြို့နယ်အတွင်း နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



မင်းဘူး ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တစ်သျှူး ငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲနှင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ဩဂုတ်လ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာဟာရပြည့်ဝသော ငှက်ပျောသီးများ စားသုံးနိုင်စေရန်အတွက် တစ်သျှူးငှက်ပျော ပျိုးပင်စုစုပေါင်း ၂၃၄ ပင်ကို တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း စိုက်ပျိုးကြပြီး ငှက်ပျောပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါကျောင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်များကောက်ယူခြင်း၊ စိစစ်ခြင်း နှင့် UID ကတ် ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများ အား One Stop Service ဖြင့် ဆောင်ရွက် ပေးနေမှုများကို ကြည့်ရှုအားပေးပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်း သား၊ ကျောင်းသူ စုစုပေါင်း ၁၅၈ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင် ကိုကိုနှင့် တာဝန်ရှိသူများသည် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံခန်းမ၌ ဆေးရုံမှ တာဝန်ရှိသူများ နှင့် သွားရောက်တွေ့ဆုံကာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်ပြည်သူ့ဆေးရုံ အုပ်ကြီးတို့မှ ဆေးရုံအတွင်း ဆေးကုသပေး နေမှု၊ ဆေးရုံသန့်ရှင်းသာယာလှပရေးနှင့် ဆေးရုံ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက် မှာကြားကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ နေရာချထားပေးပြီး ပံ့ပိုးပစ္စည်းများ ပေးအပ်

ရွှေတောင် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အတွင်း ဧရာဝတီမြစ်ရေစီးမှဲ့ဝင်မြင့်တက်လာမှု ကြောင့် အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာ အုပ်စုများအတွင်းသို့ မြစ်ရေဝင်ရောက်လျက် ရှိရာ ရေဘေးသင့်အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးသည်။

ထိုသို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် လိုအပ်သည့် ပြည်သူများအတွက် ယွန်းတန်း ရပ်ကွက်၊ ချမ်းသာကြီးဘုရား၊ သရက်တော ရပ်ကွက်၊ ရွှေဂူကြီးဘုရားဝန်း၊ ကြာနီကန် ရပ်ကွက်၊ သာသနာ့ဗိမာန်မင်းတဲကျွန်းအုပ်စု လေးဆူဘုရားဝန်းတို့၌ ယာယီကယ်ဆယ်ရေး စခန်း ခြောက်ခု ဖွင့်လှစ်၍ အိမ်ခြေ ၁၆၈ အိမ်၊ အိမ်ထောင်စု ၁၆၈ စု၊ လူဦးရေ ကျား ၃၃၁ ဦး၊ မ ၄၃၈ ဦး စုစုပေါင်း ၇၆၉ ဦးတို့အား မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများ၊ ပရဟိတအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့များက ကူညီပြောင်းရွှေ့နေရာချထားဆောင်ရွက်ပေး သည်။

ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီ မြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများ၏ သောက်သုံးရေနှင့် စားဝတ်နေရေးတို့အား မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှု ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စေတနာ ရှင်ပြည်သူများက လှူဒါန်းသည့် သောက်သုံးရေ နှင့် ထမင်းဘူးများအား ယာယီပြောင်းရွှေ့ နေသူအား လက်ဝယ်အရောက်စနစ်တကျ ဝေငှပေးကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

## အနှိုင်းမဲ့ကြယ်များ

❒ နိုင်ငံတော်သည်...
တိုင်းပြည်ခွန်အား၊ လူငယ်များကို
ဆင့်ပွားတည်ဆောက်၊ နေရောင်အောက်မှာ
ထွန်းတောက်လာရေး၊ ရေရှည်တွေးလျက်
မွေးဖွားသန့်စင် နှစ်စဉ်ပင်။

❒ အနာဂတ်မှာ၊ သူတို့သာလျှင်
မြို့ရွာတည်ဆောက်၊ လမ်းတွေဖောက်၍
ဖြိုးမောက်ဝေဆာ၊ ပြည်သာယာဖို့
ပညာမျက်စိ၊ ပကတိနှင့်
ဆယ်ပြည့်ရာချီ၊ စွမ်းဆောင်ရည်ဖြင့်
တိုင်းပြည်အတွက် ရင်းမြစ်မည်။

❒ လူငယ်လူရွယ်၊ နုလုံးသားဝယ်
သိလွယ်တတ်လွယ်၊ နုတ်မှုကြွယ်၍
ပန်းနယ်ပွင့်ဖူး၊ အသွင်ထူးနှင့်
စူးစမ်းမှုအား၊ စွမ်းပကားဖြင့်
ပိုင်းခြားဝေဖန်၊ သူတို့ထံတွင်
မှန်ကန်တွေးဆ၊ နုလုံးလှနှင့်
ရှိကြလေသည် စွမ်းဆောင်ရည်။

❒ သြော်....
ရွှန်းရွှန်းလဲ့လဲ့ တောက်ပတဲ့
အနှိုင်းမဲ့ကြယ်တွေ၊ အမိမြေမှာ
ဝေဝေဆာဆာ၊ ထိန်ထိန်သာလို့
မြန်မာမြေမှာ ကြည်နူးစရာ။
နောင်တစ်ခေတ်ရဲ့ ပြည့်ရတနာ။ ။

ဝိုင်းမောင်(မာန်အောင်)

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ




လားရှိုး ဩဂုတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မြို့နယ် အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ KG ကျောင်းသား၊ ကျောင်းသူ များက "တစ်ကိုယ်ရေသန့်ရှင်းရေး" ကဗျာ အား သရုပ်ဖော်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့ တာဝန်ခံက အမှာစကားပြောကြား သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာ ဟန်နိုင်စိုးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာ ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက ကျောင်း ကျန်းမာရေးသီတင်းပတ်တွင် ပူးပေါင်း ပါဝင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ တာဝန်ခံ ဒေါ်ခတ္တာထွန်း၊ ကျန်းမာ ရေးဌာနနှင့် ပညာရေးဌာနမှ တာဝန်ရှိသူ များက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျန်းမာ ရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ဆုရရှိ သော ကျောင်းများအားလည်းကောင်း၊ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ အာဟာရအုပ်စုသုံးစု ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်း သား၊ ကျောင်းသူများအားလည်းကောင်း ထူးချွန်ဂုဏ်ပြုဆုများအသီးသီးပေးအပ်သည်။

ထို့ပြင် "အနာဂတ်ကြယ်ပွင့်ကလေးများ ကျန်းမာဖွံ့ဖြိုးဖို့ ကျောင်းတွင်းအာဟာရ မြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ KG ကျောင်း သားကျောင်းသူစုစုပေါင်း၅၆ဦးအားကျောင်း တွင်း အာဟာရကျွေးမွေးမှု အခြေအနေ များအား တာဝန်ရှိသူများက ကြည့်ရှုအားပေး ကြောင်းသိရသည်။ လူမော်(ပြန်/ဆက်)

## MWD Variety Channel

၁၇-၈-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၄၅ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၄၅ | Countries of the World |
| ၃။ | ၁၂:၂၀ | Knowledge Note |
| ၄။ | ၁၇:၅၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြိတ်မြို့နယ်၌ မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



မြိတ် ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြိတ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ယခုနှစ်ဇွန်လမှစ၍ မိုးစပါးစိုက်ပျိုးမည့်ရာသီအတွင်း အချိန်မီပြီးစီးစေရန် လယ်ယာလုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြသည်။ တောင်သူများကို မိုးစပါးများစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းကောင်းပြီး ဝမ်းစာဖူလုံမှုရှိစေရန်သာမက မိသားစုဝင်ငွေတိုးပွားနိုင်ရေးအတွက် မစိုက်ပျိုးမီကြိုတင်၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပို့ချခြင်းများ၊ ရက်တိုသင်တန်းပေးခြင်းများနှင့် စိုက်ပျိုးရေးကွင်းသရုပ်ပြခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်၌ တောင်သူများသည် မိုးစပါးစိုက်ပျိုးရာတွင် ဒေသမျိုးကွဲများအပြင် သီးနှံအထွက်နှုန်းကောင်းမျိုးစပါးများကိုပါ ရွေးချယ်စိုက်ပျိုးလေ့ရှိပြီး ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများ၌ မိုးစပါးစံပြစိုက်ကွက်များနှင့် မျိုးကောင်းမျိုးသန့်မျိုးစပါးများကိုပါ စိုက်ပျိုးကြသည်။

ထိုသို့စိုက်ပျိုးရာတွင် ဒေသရေခံမြေခံနှင့် ကိုက်ညီသောမျိုးစပါးများဖြစ်သည့် ဧည့်မထ၊ ထားဝယ်သူမ၊ ပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေး၊ ဆင်းသုခ၊ မနောသုခ၊ ငါးရာကျော်၊ တောင်ပြန်၊ ပေါ်လခဲ၊ ရောရွှေ၊ ရွှေဝါထွန်း၊ ရတနာတိုး၊ သီးထပ်ရင် စသည့်မျိုးစပါးများကို စိုက်ပျိုးကြပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းမျိုးစပါးများကိုလည်း တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

(၄၁၂)

# ကြို့ပင်ကောက်မြို့နယ်၌ တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် စိုက်ပျိုးရေး သွင်းအားစုများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေး



ကြို့ပင်ကောက် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးအပ်ပွဲကို ဩဂုတ်လ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး စောမောင်ဗွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဌေးက ဓာတ်မြေဩဇာသွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးရခြင်း၏ရည်ရွယ်ချက်နှင့် ပြင်ပပုဂ္ဂလိကအရောင်းဆိုင်များ၌ ရောင်းချလျက်ရှိသောအခြေအနေများ၊ ယခုဖြန့်ဖြူးပေးသောဈေးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့်အချိန်ကာလတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရ၏ညွှန်ကြားချက်ဖြင့် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးသော ကွန်ပေါင်းမြေဩဇာများကို ဒေသခံတောင်သူများထံ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ကျောက်ဆည် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရန်နှင့် ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန် ဩဂုတ်လ ၁၅ ရက်က ကျောက်ဆည်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစိုးစန္ဒီနှင့် ဒုတိယဦးစီးမှူး ဒေါက်တာအိမ့်လှဖြူတို့က တိရစ္ဆာန်အမျိုးအစားအလိုက် ဖြစ်ပွားတတ်သောရောဂါအမျိုးအစားများနှင့် ရောဂါလက္ခဏာများ၊ ရောဂါမဖြစ်ပွားစေရေး ရာသီအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရှေးဦးကုသနည်းများကို အသိပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ငါးရောင်းဝယ်ရေးဈေးကွက်သို့ ငါးကြင်းပိသြာ အများအပြားတင်ပို့ရောင်းချနိုင်

ကျိုက်လတ် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ငါးရောင်းဝယ်ရေးဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ငါးကြင်းပိသြာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဌေး၏ ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပြီးခဲ့သည့်ဇွန်လက ငါးကြင်းပိသြာ ၄၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးကြင်းပိသြာ ၅၇၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"လက်ရှိ ဒေသတွင်းက ပွဲရုံတွေဆီ ငါးကြင်းအဝင်နည်းနေတာနဲ့ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် ငါးကြင်းတွေ တင်ပို့ရောင်းချအားကောင်းနေတာပါ။ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်လပထမပတ်ကတည်းက ငါးကြင်းတွေ ပိုမိုတင်ပို့ခဲ့ရတယ်။ တခြားငါးတွေလည်း ဝယ်လိုအားကောင်းတယ်လို့ သိရပါတယ်"ဟု ဒေါ်ဝင်းဌေးကပြောသည်။



ကျိုက်လတ်မြို့နယ်၌ ဒေသထွက်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် ၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လ ဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်း၌ ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေရာ ဩဂုတ်လ ၁၀ ရက်မှ ၁၄ ရက်အထိ ငွေကျပ် ၃၂၁၅၅၉၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၈၂၁၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၀၂၆၀၁၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၆၅၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၁၄၀၈၉၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၃၆၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၄၃၃၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၃၇၀၃၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၄၄၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၉၈၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၀၂၈၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၂၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၈၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၅၁၄၃၆၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၇၃၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**



## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က အမှာစကားများ ပြောကြားကြသည်။

ထို့ပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယ အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးမြင့်၊ လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေးနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံသွားရောက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲအခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဆန်အိတ်များလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆန်အိတ် ၅၀၀ ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ထံ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်စေတနာရှင်အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးမှ အပြန်လမ်းတစ်လျှောက်ရှိ ရေဘေးရှောင်နေရာသို့ သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးအဖွဲ့နှင့် လူမှုရေးရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ လိုက်ပါခဲ့ကြကြောင်းသိရသည်။

မြဝတီ



## ဝမ်းပျက်ဝမ်းလျှောရောဂါများကာကွယ်နိုင်ရန်အတွက် ထပ်ဆောင်းကလိုရင်းပိုးသတ်ဆေးခတ်ခြင်းများဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည်ရန်ကုန်မြို့တော်နေပြည်သူများအား သန့်ရှင်း၍ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေပေးဝေနိုင်ရေးအတွက် ရေသန့်စင်စက်ရုံကြီးများ၏ ရေသန့်စင်စနစ်များတွင်ကလိုရင်းဆေးခတ်ပိုးသတ်ခြင်းလုပ်ငန်းအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပုံမှန်ဆောင်ရွက်လျက်ရှိသည့်အပြင် မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသော ဝမ်းရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက်လည်း အရေးပေါ်အခြေအနေတွင် ရေဖြန့်ဖြူးပေးဝေသည့်မြို့နယ်များ၏ရေပေးဝေရေးကွန်ရက်များအတွင်း Residual Chlorine သတ်မှတ်ပမာဏရှိစေရေးအတွက် Chlorine Booster dosing (Superchlorination) ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူများသည် လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်တို့တွင်ဝမ်းပျက်ဝမ်းလျှောရောဂါကိုပိုမိုထိရောက်စွာကာကွယ်နိုင်ရန်အတွက် ရေပေးဝေလျက်ရှိသည့် ရေအရင်းအမြစ်များတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) စံနှုန်းများနှင့်အညီ ထပ်ဆောင်းကလိုရင်းပိုးသတ်ဆေးခတ်ခြင်းနှင့်ရေအရည်အသွေးစစ်ဆေးခြင်းကို အထူးအလေးထားဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်မြို့တော်အတွင်းရှိ အလုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်းနှင့် ဒဂုံမြို့နယ်စသည့် မြို့နယ်တို့တွင်လည်း ထပ်ဆောင်းကလိုရင်းပိုးသတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် ရေပေးဝေလျက်ရှိသည့် ရေအရင်းအမြစ်များတွင်သန့်ရှင်း၍ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်း၊ ရေသန့်များကို ဖြန့်ဖြူးပေးဝေနိုင်စေရန်အတွက် သာကေတမြို့နယ်ရှိ အရည်အသွေးစီမံခန့်ခွဲမှုဗဟိုဓာတ်ခွဲခန်း၌ တိကျသေချာသော ရေအရည်အသွေးရလဒ်များကို တိုင်းတာစစ်ဆေးခြင်းများကိုဆောင်ရွက်လျက်ရှိသည့်အပြင် ရေအရည်အသွေးတိုးတက်မှုဆိုင်ရာလှုပ်ရှားမှုများအဖြစ် နိုင်ငံတကာမှ ရေအရည်အသွေးဆိုင်ရာပညာရှင်များထံမှ OJT (On Job Training) များရယူခြင်း၊ ဓာတ်ခွဲခန်းငယ်များတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပို့ချခြင်းများကိုဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လင်းခန့်

➪ **ရှေ့ဖုံးမှအဆက်**

အပြည့်အဝဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်းကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်းလျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ညဉ့်နက်ပိုင်းအချိန်တွင်မူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာလျော့နည်းသွားသဖြင့် ဓာတ်အားပေးစက်ရုံများ၏ထုတ်လုပ်မှုကို လျှော့ချမောင်းနှင်ပေးရသည်ဖြစ်ရာ မိုးရာသီကာလတွင် ရေစွမ်းအင်များပြန်းတီးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့်တမံကြီးများတွင် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံပါက နေ့စဉ်ညပိုင်း ၂၃:၀၀ နာရီမှ နောက်တစ်နေ့ နံနက် ၅:၀၀ နာရီအထိ အချိန်ကာလအတွင်း တစ်ယူနစ်လျှင် မူလကျပ် ၉၀၀ နှုန်းမှ ၆၀၀ ကျပ်နှုန်းသို့ လျှော့ချ၍ ဓာတ်အားရယူသုံးစွဲခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီကာလအတွင်း အချိန်နှင့်အမျှ ဆုံးရှုံးနေသည့် ရေများမှ နိုင်ငံတော်အတွက်ဝင်ငွေရရှိလာခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ဆန္ဒရှိသည့်စက်မှုလုပ်ငန်းကြီးများသည် ညဘက်သို့ ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် နေ့ပိုင်းတွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်း စသည့်သုံးဦးသုံးဖလှယ်အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါသည်။

၅။ နိုင်ငံတကာတွင် Smart Grid စနစ်ကို အသုံးပြုနေကြသဖြင့် ယခုကဲ့သို့ အချိန်ဖြင့် ဓာတ်အားခကောက်ခံသည့် (Time of Use– TOU) ကို အသုံးပြုနေကြပြီဖြစ်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိအခြေအနေပေါ်တွင် မူတည်၍ ပထမအဆင့်အနေဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြုသဘောဖြင့် အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကူညီကြပါရန် အသိပေးကြေညာမေတ္တာရပ်ခံအပ်ပါသည်။

၆။ သိရှိလိုသည်များကို မေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးချုပ် (၀၉-၄၅၀၅၄၁၂၀၀)

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (၀၉-၄၂၈၃၀၄၂၀၃)(၁၇၁၇)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ၁၆-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းမှ အမျိုးသမီးကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့်အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်



မန္တလေး ဩဂုတ် ၁၆

ချမ်းမြသာစည်မြို့နယ်ရှိ အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းတွင် Grade-5 မှ Grade-9 အထိ ကျောင်းသူ ၅၁ ဦး လက်ခံသင်ကြားပေးလျက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှပံ့ပိုးမှု၊ မြန်မာဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အသက်သတ်မှတ်ချက်အရ U-12/U-13 တွင် အားကစားသမား ၂၅ ဦးနှင့် U-14/U-15 တွင် အားကစားသမား ၂၆ ဦး စုစုပေါင်း ၅၁ ဦး သင်ကြားပေးလျက်ရှိကြောင်းသိရကာ ကျောင်းသူအားကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ယနေ့တွင် ထောက်ပံ့ပေးအပ်သည်။

အဆိုပါကျောင်းခန်းမ၌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက အားကစားသမားများနှင့်တွေ့ဆုံစဉ်ထိုသို့ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့်အမျိုးသမီးဘောလုံးအကယ်ဒမီ၌တက်ခွင့်ရသည့် အားကစားသမားများဖြစ်သည့်အတွက်မြန်မာ့အမျိုးသမီးဘောလုံးအားကစားကို တိုးတက်အောင်ကြိုးစား အားထုတ်စေလိုပါကြောင်း၊ အကယ်ဒမီကျောင်းသည် ပညာရေးနှင့်အားကစားနှစ်ခုလုံးကို အဓိကထားဆောင်ရွက်ပေးသည့်အတွက် အားကစားတွင်သာမက ပညာရေးတွင်လည်းထူးချွန်စေလိုပါကြောင်း၊ နိုင်ငံတော်က အားကိုးရသည့် အမျိုးသမီးဘောလုံးအားကစားသမားများပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ပုသိမ် ဩဂုတ် ၁၆

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟင်္သာတခရိုင်လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ယနေ့တွင် ဟင်္သာတမြို့ရှိဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးသို့ Rotary Myanmar က သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခဲ၊ ရေသန့်၊ ဆိုလာမီးအိမ်၊ ဖန်ခွက်၊ ငါးသေတ္တာ၊ ပုစွန်ခြောက်ဗာလချောင်ကြော်၊ ပဲကတ္တီပါပြုတ်ဘူး၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်စသည့်ပစ္စည်းများပါဝင်သော Box အရေအတွက် ၁၀၀၀ ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူသည်။

ဦးစွာ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု ကွင်းမကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ရေပြန်ကျပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားပါကြောင်း၊ တာနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ဆောင်ရွက်လျက်ရှိကြောင်း၊ တာပိတ်ဖို့ခြင်းလုပ်ငန်းပြီးစီးပါက ကျန်ရှိသည့်ရေများ အမြန်ဆုံးပြန်လည်ကျဆင်းရေးအတွက် ရေဆင်းလမ်းကြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။



ထို့ပြင် အိုင်သပြုတိုက်နယ်ဆရာဝန်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး အပါအဝင် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဒေသခံပြည်သူများဆက်သွယ်ရေးကွန်ရက်များ မပြတ်တောက်စေရေးအတွက် B2B satellite terminal အား Call on wheel (COW) ရွှေ့လျားမိုဘိုင်းကားတွင် တပ်ဆင်ထားရှိပြီး ဖုန်းပြောခြင်းနှင့် data အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးခန်းများဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့်လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအတွက် ပေးပို့လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၆˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

တိုးမြစ်ရေသည် မအူပင်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၅ စင်တီမီတာ (၂ လက်မခန့်)အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၇ နာရီ၊ ၃၃ မိနစ်၊ ၀၇ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဟုမ္မလင်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၀ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

➤ ရှေ့ဖုံးမှအဆက်

ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# မိုးရာသီသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် မြို့ပြအခြေခံအဆောက်အအုံစီမံခန့်ခွဲမှု

ဝေဖြိုးအောင်

မြန်မာနိုင်ငံ၏ ရာသီဥတုသဘာဝအရ ယခုကာလသည် မုတ်သုံမိုးအားအကောင်းဆုံးကာလဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများနှင့်အတူ မြို့ပြဒေသများ၌ ရေကြီးရေလျှံမှုဘေးအန္တရာယ်များ အမြင့်မားဆုံးကြုံတွေ့ရလေ့ရှိသောအချိန်ဖြစ်သည်။



ဂျပန်နိုင်ငံ တိုကျိုမြို့၏ အထင်ရှားဆုံးမြေအောက်အခြေခံအဆောက်အအုံပုံ။

ခေတ်သစ် မြို့ပြစီမံခန့်ခွဲမှုရှုထောင့်မှ ကြည့်လျှင် ဤကဲ့သို့သော ရာသီဥတုဖြစ်စဉ်နှင့် ရိုးရာယဉ်ကျေးမှုဖြစ်စဉ်များ ပေါင်းစပ်နေသည့်ကာလသည် မြို့ပြ၏ အခြေခံအဆောက်အအုံများအား ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုကို စတင်စမ်းသပ်သည့်ကာလပင်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်လာမည့် မြို့ပြရေဘေးကို ကာကွယ်ရန်အတွက် အဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုစွမ်းရည်ဖြင့်သာ ကိုင်တွယ်ရန်မလုံလောက်ဘဲ စုပေါင်းအင်အား၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုယန္တရားတို့ကို ထိရောက်စွာအသုံးချရန် အလွန်လိုအပ်လှသည်။ မြို့တစ်မြို့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်မိုးရာသီ သဘာဝဘေးအန္တရာယ်များကို စနစ်တကျကြိုတင်ကာကွယ်ခြင်း၊ ရေနုတ်မြောင်းစနစ်များကို ခေတ်မီနည်းပညာများဖြင့် စီမံခန့်ခွဲခြင်းနှင့် မြို့ပြစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျဖော်ဆောင်ခြင်းတို့သည် ခွဲခြား၍မရသောကဏ္ဍကြီးများဖြစ်ကြသည်။

**မြို့ပြရေကြီးရေလျှံမှု ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများနှင့် စိန်ခေါ်မှုများ**


မြို့ကြီးများတွင် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့်သာမက မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ၌ ဟန်ချက်ညီမှုအားနည်းခြင်းနှင့် လူသားတို့၏နေထိုင်မှုပုံစံများကြောင့် ဖြစ်ပေါ်လာရသည့် ဘေးအန္တရာယ်တစ်ခုလည်းဖြစ်သည်။ အဓိကအကြောင်းရင်းများကို ဆန်းစစ်ကြည့်ပါက ပထမဆုံးအနေဖြင့် ကွန်ကရစ်နှင့် ကတ္တရာလမ်းများပြားလာပြီး မြေပြင်အောက်သို့ရေစိမ့်ဝင်နိုင်စွမ်းကျဆင်းခြင်းကြောင့်ဖြစ်သည်။ မြို့ပြချဲ့ထွင်လာသည်နှင့်အမျှ ယခင်က မိုးရေကိုစုပ်ယူပေးနိုင်ခဲ့သောမြေကွက်လပ်များ၊ ရေကန်များနှင့် သဘာဝစိမ်းလန်းမြေနေရာများ ပျောက်ကွယ်သွားပြီး အဆောက်အအုံများနှင့် လမ်းများအဖြစ်ပြောင်းလဲသွားသဖြင့် မိုးရေများသည် မြေအောက်သို့စိမ့်ဝင်နိုင်ခြင်းမရှိတော့ဘဲ လမ်းမများပေါ်တွင် ရေမျက်နှာပြင်စီးဆင်းမှုပမာဏ လျင်မြန်စွာမြင့်တက်လာရသည်။

ဒုတိယအချက်မှာ မြို့ပြရေနုတ်မြောင်းစနစ်များခေတ်မမီတော့ခြင်းနှင့် ပမာဏမဆံ့ခြင်းဖြစ်သည်။ မြို့ကြီးအများစုရှိ ရေနုတ်မြောင်းအများစုသည် လွန်ခဲ့သောဆယ်စုနှစ်များစွာက လူဦးရေနှင့်မြို့ပြအရွယ်အစားကိုအခြေခံ၍ တွက်ချက်တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ခေတ် လူဦးရေထူထပ်လာမှုနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းတို့ကြောင့် ထွက်ရှိလာသော မိုးရေပမာဏကို သယ်ဆောင်ရန်မစွမ်းသာတော့ပါ။ အထူးသဖြင့် ဆင့်ပွားရေနုတ်မြောင်းများနှင့် ပင်မရေလွှဲမြောင်းကြီးများအကြား စနစ်တကျချိတ်ဆက်မှုအားနည်းခြင်းကလည်း ရေစီးဆင်းမှုကိုတန့်သွားစေသည့် အဓိကအချက်ဖြစ်သည်။

တတိယအချက်မှာ အလွန်အရေးကြီးသော အများပြည်သူ၏စနစ်တကျအမှိုက်စွန့်ပစ်မှုအားနည်းခြင်းဖြစ်သည်။ လူထုအနေဖြင့် ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများနှင့် အိမ်သုံးစွန့်ပစ်ပစ္စည်းများကို လမ်းမများနှင့် မြောင်းများအတွင်းသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် မိုးရွာသွန်းချိန်တွင် အဆိုပါအမှိုက်များသည် ရေစီးနှင့်အတူမျောပါသွားကာ ရေနုတ်မြောင်းများ၊ တံတားအောက်များနှင့် ရေလွှဲတံခါးများတွင် ပိတ်ဆို့မှုကိုဖြစ်ပေါ်စေသည်။ ဤကဲ့သို့ ပိတ်ဆို့မှုကြောင့် မိုးအနည်းငယ်ရွာရုံမျှဖြင့် မြို့တွင်းရေလျှံမှုများကို ဆိုးရွားစွာကြုံတွေ့ရခြင်းဖြစ်သည်။

**ရေနုတ်မြောင်းစနစ်များ စီမံခန့်ခွဲမှုနှင့် နည်းပညာအသုံးချမှု**

ခေတ်မီမြို့ပြစီမံခန့်ခွဲမှုတွင် ရေနုတ်မြောင်းများကို ရိုးရိုးရှင်းရှင်းတူးဖော်ခြင်းထက် ပိုမိုနက်နဲသော အင်ဂျင်နီယာနှင့် နည်းပညာအခြေပြု စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုရမည်ဖြစ်သည်။ အထိရောက်ဆုံးသောကိရိယာမှာ ပထဝီဝင်သတင်းအချက်အလက်စနစ်၊ အမြင့်ပြမြေပုံစနစ်တို့ဖြစ်ကြသည်။ GIS (Geographic Information System)နည်းပညာကို အသုံးချ၍ မြို့တစ်မြို့လုံးတွင်ရှိသော ပင်မရေနုတ်မြောင်းကြီးများ၊ ဆင့်ပွားမြောင်းငယ်များနှင့် သဘာဝမြစ်ချောင်းများ၏ ကွန်ရက်ကို ဒီဂျစ်တယ်မြေပုံအဖြစ် အသေးစိတ်တည်ဆောက်နိုင်သည်။ ဤမြေပုံပေါ်တွင် မြောင်းတစ်ခုချင်းစီ၏ အကျယ်၊ အနက်၊ ရေစီးဆင်းနိုင်သည့် ပမာဏနှင့် ရေစီးဆင်းရာလမ်းကြောင်း အနိမ့်အမြင့်တို့ကို တိကျစွာထည့်သွင်းတွက်ချက်နိုင်သည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် မိုးသည်းထန်စွာရွာသွန်းပါက မည်သည့်နေရာများတွင် ရေဝပ်နိုင်ခြေရှိသည်ကို ကြိုတင်ခန့်မှန်းနိုင်သော ရေကြီးမှုပုံတူစနစ်များကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။




အမျိုးသားအဆင့် စီမံကိန်းမဟာဗျူဟာသစ် Sponge City ချမှတ်အကောင်အထည်ဖော်ပုံစံ။

ထို့ပြင် အဓိကရေလွှဲစခန်းများနှင့် ရေထိန်းတံခါးများတွင် အလိုအလျောက် ရေမျက်နှာပြင်တိုင်းတာသည့် အာရုံခံကိရိယာများတပ်ဆင်ထားခြင်းဖြင့် ရေမှတ်မြင့်တက်လာမှုကို ဗဟိုထိန်းချုပ်ရေးစခန်းမှအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး အရေးပေါ်ရေလွှဲခြင်း၊ ရေစုပ်စက်များမောင်းနှင်ခြင်းတို့ကို အချိန်မီဆုံးဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နည်းပညာအခြေပြုသော ဤစီမံခန့်ခွဲမှုစနစ်သည် လူအင်အားနှင့် ဘတ်ဂျက်သုံးစွဲမှုကို ထိရောက်စေရုံမျှမက သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်လာသည်။

**မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝအခြေပြုဖြေရှင်းနည်းများ**

ရေကြီးရေလျှံမှုပြဿနာကို အင်ဂျင်နီယာနည်းပညာဆိုင်ရာဖြင့် ကိုင်တွယ်ခြင်းထက် သဘာဝပတ်ဝန်းကျင်ကို အသုံးချသော သဘာဝအခြေပြုဖြေရှင်းနည်းများနှင့် စိမ်းလန်းသောအခြေခံအဆောက်အအုံတို့ကို တွဲဖက်အသုံးပြုခြင်းက ပိုမိုထိရောက်ပြီး ရေရှည်တည်တံ့စေသည်။ လုပ်ငန်းစဉ်၏အဓိကအချက်မှာ မြို့ပြစိမ်းလန်းစိုပြည်ရေးဖြစ်သည်။ မြို့ပြအတွင်း သစ်ပင်ကြီးများ၊ ပန်းမန်များနှင့် မြက်ခင်းပြင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းသည် မြို့ကို လှပစေရုံသာမက သဘာဝရေစုပ်စက်များအဖြစ်ဆောင်ရွက်ပေးသည်။ သစ်ပင်များ၏အရွက်များနှင့် ပင်စည်များသည် မိုးရေများ မြေပြင်သို့ တိုက်ရိုက်အရှိန်အဟုန်ဖြင့်ကျရောက်ခြင်းကို တားဆီးပေးပြီး သစ်မြစ်များသည် မြေဆီလွှာကို ပွစေကာ မိုးရေများ မြေအောက်သို့ လျှင်မြန်စွာစိမ့်ဝင်သွားစေရန် အထောက်အကူပြုသည်။ ဤသည်မှာ လမ်းမများပေါ်သို့ရောက်ရှိမည့်ရေမျက်နှာပြင်စီးဆင်းမှုပမာဏကို သိသာစွာလျှော့ချပေးသည်။



မဟာဗျူဟာကျသော မြို့ပြစီမံကိန်းများတွင် မိုးရေဥယျာဉ်များ၊ ဇီဝရေနုတ်မြောင်းများနှင့် အဆောက်အအုံများ၏ အမိုးပေါ်တွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို ထည့်သွင်းတည်ဆောက်ရမည်။ ဤစနစ်များသည် မိုးရေများကို ယာယီထိန်းသိမ်းပေးပြီးမှ ရေနုတ်မြောင်းများအတွင်းသို့ တဖြည်းဖြည်းချင်း စီးဆင်းစေသဖြင့် ပင်မမြောင်းများအပေါ် ဝန်ပိုဖြစ်ခြင်းကို လျှော့ချပေးသည်။ ထို့ကြောင့် လူထုသစ်ပင်စိုက်ပျိုးပွဲများတွင် ရိုးရိုးအလှစိုက်ခြင်းထက် မြို့ပြရေဝပ်မှုလျှော့ချရေးကို အထောက်အကူပြုမည့် သစ်ပင်အမျိုးအစားများကို မဟာဗျူဟာကျကျရွေးချယ်စိုက်ပျိုးရန် တိုက်တွန်းရမည်ဖြစ်သည်။

**မြေပြင်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဆန်းစစ်ခြင်း**

မိုးရာသီကာလတွင် အဖွဲ့အစည်းများအနေဖြင့် မြေပြင်၌ ကြီးမားသောစိန်ခေါ်မှုများနှင့်အခက်အခဲများကို ရင်ဆိုင်ကြရလေ့ရှိသည်။ ပထမဆုံးအခက်အခဲမှာ ဘတ်ဂျက်နှင့် စက်ယန္တရားလုံလောက်မှုမရှိခြင်းဖြစ်သည်။ မြို့တစ်မြို့လုံး၏ ရေနုတ်မြောင်းအရှည်မှာ မိုင်ချီရှိသော်လည်း ၎င်းတို့ကို လိုက်လံတူးဖော်ရန်အတွက် လိုအပ်သောဘက်ဟိုး(Backhoe)ကားများ၊ အမှိုက်သယ်ယာဉ်များနှင့် သောင်တူးစက်များမှာ ကန့်သတ်ချက်ရှိနေသဖြင့် နေရာအနှံ့တစ်ပြိုင်နက်တည်း လုပ်ဆောင်ရန် အလွန်ခက်ခဲလှသည်။

ဒုတိယအချက်မှာ မြေပြင်ဝန်ထမ်းများ၏လုပ်ငန်းခွင်အန္တရာယ်နှင့် လူအင်အားလိုအပ်ချက်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းနေချိန်တွင် ရေနုတ်မြောင်းများအတွင်းဆင်း၍ ပိတ်ဆို့နေသောအမှိုက်များနှင့် နုန်းများကို ဆယ်ယူရသည့်လုပ်ငန်းသည် အလွန်ပင်ပန်းရုံမျှမက ရောဂါပိုးမွှားများ ကူးစက်နိုင်ခြေနှင့် လျှပ်စစ်ရှော့ဖြစ်နိုင်ခြေ စသည့်အသက်အန္တရာယ်များပါရှိသည်။ ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် အရေးပေါ်အခြေအနေများတွင် ၂၄ နာရီပတ်လုံး အလှည့်ကျတာဝန်ထမ်းဆောင်ရသဖြင့် ဝန်ထမ်းများ ပင်ပန်းနွမ်းနယ်မှု ပြဿနာကိုလည်း ကြုံတွေ့ရသည်။

တတိယနှင့်အဆိုးရွားဆုံးအချက်မှာ တရားမဝင်ကျူးကျော်နေထိုင်မှုများနှင့် မြေယာအသုံးချမှု၊ စည်းကမ်းဖောက်ဖျက်မှုများဖြစ်သည်။ ရေနုတ်မြောင်းများနှင့် ပင်မရေလွှဲမြောင်းများ၏ ဘေးဝဲယာတွင် တရားမဝင်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်း၊ မြောင်းများကိုဖုံးအုပ်၍ ကိုယ်ပိုင်မြေကဲ့သို့ အသုံးပြုခြင်းတို့ကြောင့် စည်ပင်သာယာဝန်ထမ်းများအနေဖြင့် မြောင်းများ ရှင်းလင်းရေး **စာမျက်နှာ ၁၄ သို့** ❐

**❐ စာမျက်နှာ ၁၃ မှအဆက်**

လုပ်ငန်းလုပ်ဆောင်ရန် မြေပြင်၌ လမ်းကြောင်းမရှိသည့်အခြေအနေမျိုးကို ရင်ဆိုင်ရလေ့ရှိသည်။ ဤပြဿနာများသည် ဥပဒေကြောင်းအရ တင်းကျပ်စွာ ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စရပ်များဖြစ်ကြသည်။

**ပြည်သူလူထုပူးပေါင်းပါဝင်မှုယန္တရားနှင့် ရပ်ရွာအခြေပြုကာကွယ်ရေး**

မြို့ပြသဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် အစိုးရကသာ အလုံးစုံတာဝန်ယူရမည်ဟူသောအတွေးအခေါ်ကို ပြောင်းလဲပြီး ပြည်သူလူထုနှင့်အစိုးရတွဲဖက်လုပ်ဆောင်သော ပြည်သူ-အစိုးရ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အသက်သွင်းရမည်။ လူထု၏အင်အားသည် မြို့တစ်မြို့၏ အကြီးမားဆုံးသောသယံဇာတဖြစ်သည်။ ရပ်ကွက်အခြေပြု ရေဘေးကာကွယ်ရေးစေတနာ့ဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းရမည်။ ဤအဖွဲ့များသည် မိမိတို့ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းငယ်များကို မိုးမကျမီကပင် စုပေါင်းတူးဖော်ခြင်း၊ အမှိုက်များကို ပုံမှန်ကောက်ယူခြင်းနှင့် မိုးရွာသွန်းချိန်တွင် မြောင်းဝများ၌ အမှိုက်ပိတ်ဆို့မှုမရှိစေရန် စောင့်ကြည့်ပေးခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

ထို့ပြင် လူထု၏အမူအကျင့်ပြောင်းလဲရေးသည် ရေရှည်အတွက် အရေးအကြီးဆုံးဖြစ်သည်။ အမှိုက်ကိုစနစ်တကျစွန့်ပစ်ခြင်း၊ မိမိအိမ်ရှေ့ရှိ မြောင်းငယ်များကို သန့်ရှင်းအောင်ထိန်းသိမ်းခြင်းနှင့် စည်ပင်သာယာရေးဥပဒေများကို လိုက်နာခြင်းတို့သည် မြို့ပြရေဘေးကို ကာကွယ်ရာတွင် မိမိကိုယ်တိုင် ပါဝင်ကူညီနေခြင်းဖြစ်ကြောင်း ပြည်သူများသဘောပေါက်နားလည်စေရန် မီဒီယာများနှင့်ကွင်းဆင်းပညာပေးမှုများမှတစ်ဆင့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။

**ဂျပန်နိုင်ငံ တိုကျိုမြို့၏ မြေအောက်ရေလွှဲဥမင်လိုဏ်ခေါင်းကြီး**

ဂျပန်နိုင်ငံ တိုကျိုမြို့သည် ကမ္ဘာပေါ်တွင် တိုင်ဖွန်းမုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို အဆိုးရွားဆုံးခံရလေ့ရှိသော မြို့ကြီးတစ်မြို့ဖြစ်သော်လည်း ၎င်းတို့၏ ထူးခြားဆန်းပြားလှသော မြေအောက်အခြေခံအဆောက်အအုံစီမံခန့်ခွဲမှုကြောင့် ကမ္ဘာ့ဘေးအကင်းဆုံး မြို့ပြကြီးအဖြစ် ရပ်တည်နေသည်။ အထင်ရှားဆုံးသော အဆောက်အအုံမှာ G-Cans ဟုလူသိများသည့် Metropolitan Area Outer Underground Discharge Channel ဖြစ်သည်။

ဤစီမံကိန်းသည် မြေအောက် မီတာ ၅၀ အနက်တွင် တည်ဆောက်ထားသော ကမ္ဘာ့အကြီးဆုံး မြေအောက်ရေလွှဲဥမင်လိုဏ်ခေါင်းကြီးဖြစ်ပြီး မြို့တွင်းရှိ မြစ်ငယ်များ၊ ရေနုတ်မြောင်းများမှ လျှံကျလာသောမိုးရေများကို မြေအောက်ဥမင်များမှတစ်ဆင့် ဆွဲယူကာ ပင်မအဲဒိုဂါဝါ (Edogawa)မြစ်ကြီးအတွင်းသို့ ဘေးကင်းစွာ လွှဲပြောင်းစွန့်ပစ်ပေးသည့် စနစ်ဖြစ်သည်။ ၎င်း၏ဗဟိုရေထိန်းကန်ကြီးသည် တိုင်လုံးကြီးပေါင်းများစွာဖြင့် ထောက်ကန်ထားသဖြင့် မြေအောက်နန်းတော်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ဤစနစ်သည် အဆင့်မြင့်လေယာဉ်သုံး ဂျက်အင်ဂျင်စွမ်းအားရှိသော ရေစုပ်စက်ကြီးများကိုအသုံးပြု၍ တစ်စက္ကန့်လျှင် ရေတန်ချိန် ၂၀၀ ကျော်ကို စုပ်ထုတ်ပေးနိုင်သည်။ ဤ Case Study သည် မြို့ပြမြေပြင်ပေါ်တွင် ဧရိယာအကန့်အသတ်ရှိပါက မြေအောက်နေရာများကို မဟာဗျူဟာကျကျအသုံးချခြင်းဖြင့် ကြီးမားသော သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ကြောင်း ပြသနေသည့် အောင်မြင်မှုဖြစ်သည်။

**တရုတ်နိုင်ငံ၏ မဟာဗျူဟာ**

တရုတ်နိုင်ငံသည် မြို့ပြများ အလျင်အမြန်ဖွံ့ဖြိုးလာမှုနှင့်အတူ ရေကြီးရေလျှံမှုပြဿနာကိုရင်ဆိုင်ခဲ့ရသဖြင့် ၂၀၁၅ ခုနှစ်မှစတင်ကာ အမျိုးသားအဆင့် မြို့ပြစီမံကိန်းမဟာဗျူဟာသစ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ Sponge City အယူအဆ၏အဓိကရည်ရွယ်ချက်မှာ မြို့ပြတစ်ခုလုံးကို ရေစုပ်ဖော့တုံးတစ်ခုကဲ့သို့ ဖန်တီးရန်ဖြစ်သည်။ ဆိုလိုသည်မှာ မိုးရေများကိုလျင်မြန်စွာစီးဆင်းပြီး လွှင့်ပစ်မည့်အစား မြို့ပြအတွင်း၌ပင် သဘာဝအတိုင်းစုပ်ယူခြင်း(Absorb)၊ သိုလှောင်ခြင်း(Store)၊ သန့်စင်ခြင်း(Purify)နှင့် ပြန်လည်အသုံးပြုခြင်း(Reuse) စသည့်စနစ်များကို ကျင့်သုံးခြင်းဖြစ်သည်။ ဤမဟာဗျူဟာတွင် လမ်းသွားလမ်းလာလျှောက်လမ်းများနှင့် ကားရပ်နားရန်နေရာများကိုရေစိမ့်ဝင်နိုင်သောကွန်ကရစ်အမျိုးအစားများဖြင့်ခင်းကျင်းခြင်း၊ မြို့တွင်းစိမ်းလန်းစိုပြည်ရေးဇုန်များနှင့် သဘာဝစိမ့်မြေများကို ပြန်လည်ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။

ဤစနစ်ကြောင့် မိုးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ကို မြေပြင်က တိုက်ရိုက်စုပ်ယူထိန်းသိမ်းပေးသဖြင့် ရေနုတ်မြောင်းများအတွင်းသို့ ရေစီးဆင်းမှုနှုန်းကို လျှော့ချပေးနိုင်ခဲ့ပြီး ရေကြီးမှုကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည်။ ထို့ပြင် သိုလှောင်ထားသောမိုးရေများကို ပြန်လည်သန့်စင်၍ နွေရာသီတွင် ပန်းမန်များရေလောင်းခြင်းနှင့် လမ်းဆေးခြင်းလုပ်ငန်းများ၌ ပြန်လည်အသုံးပြုသဖြင့် မြို့ပြရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော စံပြစနစ်ဖြစ်သည်။

မြို့ပြသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုသည်မှာ ရေကြီးချိန်တွင် ရေလိုက်စုပ်ခြင်းမဟုတ်ဘဲ မြို့ပြတစ်ခုလုံး၏အခြေခံအဆောက်အအုံဖွဲ့စည်းပုံကို ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိအောင် စနစ်တကျ ပြန်လည်ပုံဖော်ခြင်းဖြစ်သည်။

အနာဂတ်မြို့ပြစီမံကိန်းများရေးဆွဲရာတွင် နည်းပညာ(Geographic Information System/Internet of Things)ကို ထိရောက်စွာအသုံးချခြင်း၊ သဘာဝအခြေပြုဖြေရှင်းနည်းများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပြည်သူလူထု၏ အမူအကျင့်ကို မြှင့်တင်ပေးခြင်း စသည့် ဘက်စုံချဉ်းကပ်မှုဖြင့် ကျွန်ုပ်တို့၏မြို့ပြများကို ဘေးကင်းလုံခြုံပြီး ရှင်သန်ရလွယ်ကူသော အနာဂတ်မျိုးဆက်သစ်များအတွက် ဂုဏ်ယူစရာကောင်းသော ရေရှည်တည်တံ့သည့်မြို့တော်များအဖြစ် ပုံဖော်တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း လေးနက်စွာတိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**


၁။ Jha, A. K., Bloch, R., & Lamond, J. (2012). "Cities and Flooding: A Guide to Integrated Urban Flood Risk Management for the 21st Century". Washington, DC: World BankPublications.

၂။ UN-Habitat, (2022). "Nature-Based Solutions for Urban Resilience: Framework and International Practice". Nairobi: United Nations Human Settlements Programme.

၃။ Tokyo Metropolitan Government, (2021). "The G-Cans Project and Flood Control Disaster Mitigation Systems in Tokyo". Bureau of Construction Report.

၄။ China Ministry of Housing and Urban-Rural Development (MOHURD), (2020). "Sponge City Construction Technical Guide: Low Impact Development Urban Stormwater System". Beijing.

၅။ Myanmar Ministry of Construction & Yangon City Development Committee (YCDC), (2023). "Strategic Drainage Master Plan and Climate Change Adaptation for Coastal and Major Cities in Myanmar".


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက်ကြည့်ရှုထောက်ပံ့အားပေး

မကွေး ဩဂုတ် ၁၆

မကွေးမြို့ပေါ်ရပ်ကွက်လေးခုနှင့်ကျေးရွာတစ်ရွာမှ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်း၌ထောက်ပံ့ပေးအပ်ကြသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ မှန်ကင်းကျောင်းတိုက်အတွင်းရှိရေဘေးရှောင်စုရပ်နေရာနှင့် ရှင်ပင်ကြောင်လိမ်ဘုရားရေဘေးရှောင်စုရပ်များသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်များစိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏နေအိမ်များသို့ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေကင်းအစရှိသော အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်သတိပြုကြရေး၊ ရေဝင်၍ ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ရင်သွေးငယ်များကို ကျောင်းနေပျော်၍ စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကိုမှာကြားပြီး ရေဘေးရှောင်စုရပ်နှစ်ခုရှိ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၄၈၉ စု လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့်ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့်သောက်ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ပြည်နယ်ကိုးခုရှိ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ်သန်းပေါင်း ၂၉၀၀ ကျော် တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သတင်းရရှိသည်။ မြဝတီ

# ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်းမြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက်အချို့နှင့်ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပို့ဆောင်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၁၆

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် (၅) ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့်ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေး၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာတားဆီးမှုများဖြစ်သည့် Geobags (သဲအိတ်ကြီးများ)ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရတနာသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာကေတမြို့နယ်၊ တိပိဋကာလင်္ကာရ စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



ဆရာတော်ထံမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက တိပိဋကာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်များနာယူကြသည်။



ဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိပိဋကာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ **ရှေ့ဖုံးမှအဆက်**

ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော်နှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်မှဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လယ်ဝေးမြို့၊ မြို့ဦးတိုက်သစ်သံလမ်းပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း၊ သီလရှင်ကျောင်း ၅ ကျောင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၈၂ သိန်း ၃ သောင်း ၇ ထောင်ကျပ်၊ ဆန် ၇၀၇ အိတ်၊ ဆီ ၂၁၀ ပိဿာ ၃၀ ကျပ်သား၊ နိုင်ငံခြားဆေးမျိုးစုံ ၂ ခြင်း၊ ဘားမားကော်ဖီ ၅ ဖာ၊ ရုပ်အချိုရည် ၁ ဖာတို့အားလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

➧ **YBS ယာဉ်စီးခများမှ**

ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

“၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် YBS ခရီးသည်တင်ယာဉ်စီးခကို စက်တင်ဘာလ ၁ ရက်မှစတင်၍ တိုးမြှင့်ရန်ကြေညာခြင်းအား ယနေ့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့မှပြန်လည်ပယ်ဖျက်လိုက်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က လက်မှတ်ရေးထိုး၍ မီဒီယာများသို့ အသိပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များ ပိုမိုထွက်ရှိနိုင်ရန်နှင့် ပြင်ဆင်စရိတ်ကြီးမြှင့်မှုအား ကုစားနိုင်ရန် ယာဉ်စီးခနှုန်းထားများ ပြောင်းလဲကောက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မီဒီယာတွေ့ဆုံပွဲ၌ သတင်းမီဒီယာများအား ချပြခဲ့သည်။

YRTC ကြီးကြပ်မှုအောက်တွင် YBS ယာဉ်လိုင်းကုမ္ပဏီ ၂၁ ခု၊ စာရင်းရှိယာဉ်လိုင်း ၁၄၅ လိုင်း၊ စာရင်းရှိယာဉ်အစီးရေ ၅၃၉၉ စီးရှိပြီး နေ့စဉ်ပြေးဆွဲယာဉ်လိုင်း ၁၃၄ လိုင်း၊ ယာဉ်အစီးရေ ၃၃၀၀ စီးခန့်ဖြင့် ခရီးသည် ၁ ဒသမ ၈ သန်းခန့်အား သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့ရှိနယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


---


# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ်လ ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

---




# မန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ယူပြီးအာဆင်နယ်အသင်း ကွန်မြူနတီဒိုင်းကို (၁၈)ကြိမ်မြောက် ဆွတ်ခူး

လန်ဒန် ဩဂုတ် ၁၆

၂၀၂၆ ခုနှစ် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ည ၈ နာရီခွဲတွင် အင်္ဂလန်နိုင်ငံ ဝင်ဘလေအားကစားကွင်း၌ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့ရာ အာဆင်နယ်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး (၁၈)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ဖလားနှင့် မန်စီးတီးအသင်းက အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့ကြသည့်အတွက် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အာဆင်နယ်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီးနောက် ပွဲအစတစ်မိနစ်တွင်ပင် ကယ်လာဖီအိုရီက အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၈ မိနစ်တွင်လည်း ကိုင်ဟာဗက်က အာဆင်နယ်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် အာဆင်နယ်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မန်စီးတီးအသင်းကစားပုံမှာ လိုအပ်ချက်များရှိနေပြီး အာဆင်နယ်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၈ မိနစ်တွင် အိုဒီဂတ်က မန်စီးတီးအသင်းကစားသမားများကို တစ်ဦးချင်းအကောင်းဆုံးကျော်ဖြတ်ပြီး အာဆင်နယ်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**စည်သူအောင်**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Salingyi Township sees completion of growing more than 1,000 acres of pigeon pea this year

SALINGYI August 16

Based on agricultural data compiled by Salingyi Township Agriculture Department of Sagaing Region, local farmers have planted more than 1,000 acres of pigeon pea as monsoon crops in the township.

During the 2026-2027 monsoon crop season, local authorities of Salingyi Township earmarked to cultivate 30,805 acres of pigeon pea. Cultivation began in May this year, and 1,500 acres have been planted so far.

"This year's monsoon crop season, Salingyi Township has planned to cultivate more than 30,000 acres of pigeon pea. More than 1,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. We are also providing assistance to achieve good yields from pigeon pea cultivation. Farmers cultivate pigeon pea as a sole crop as well as a mixed crop," said U Wai Lin Tun, Head of the Township Agriculture Department in Salingyi Township.

The Township Agriculture Department in Salingyi Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields.

The Township Agriculture Department in Salingyi Township is also disseminating technologies on the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pests, and promote better plant growth.

**SMK**

## Plan adopt to cultivate more than 500 acres of chilli in Pwintbyu Township



PWINTBYU August 16

Pwintbyu Township Agriculture Department in Magway Region stated that local authorities earmarked cultivation of 559 acres of chilli as monsoon crops in Pwintbyu Township this year.

In Pwintbyu Township, a plan has been made to cultivate 559 acres of chilli during this year's monsoon crop season with the aim of ensuring local food security and increasing farmers' crop income. The chilli cultivation will be carried out from June to September, according to reports.

"This year's monsoon crop season, we have planned to cultivate 559 acres of chilli in Pwintbyu Township. The monsoon chilli cultivation will begin in June and continue until September, and we will work to ensure that the targeted acreage is fully achieved. Since chilli has a market demand, farmers rely on it as a crop and cultivate it throughout the year.

We will also provide support to farmers through awareness activities related to chilli cultivation, including necessary organic farming methods and techniques for selecting and cultivating quality seeds, in order to improve yields, ensure the quality of produce, and maintain food safety," said Daw Moe Moe Wai, Township Head of the Department of Agriculture in Pwintbyu Township.

It is reported that because Pwintbyu Township has favourable irrigation conditions and good agricultural land, local farmers cultivate chilli as a commercially viable crop throughout the year (summer, monsoon, and winter seasons) to generate income.

During cultivation, staff members from the Department of Agriculture are providing support to local farmers by sharing agricultural technologies related to kitchen crop cultivation and conducting awareness activities on preventive measures against pests and diseases, according to reports.

**SK**

## Demand high in trading of river catfish in Nyaungdon Township



NYAUNGDON August 16

"Trading of river catfish is booming at the domestic market due to high demand in Nyaungdon Township of Ayeyawady Region", said Daw Khin Khin, the owner of fishery trading depot in Nyaungdon Township.

From Nyaungdon Township, river catfish have seen strong demand and good sales from the third week of May up to the present, according to reports. In the area, between 3,500 and 6,000 viss of river catfish are reportedly traded daily.

"River catfish produced in Nyaungdon Township are receiving strong demand from the Yangon market. Locally produced river catfish from this area are mainly exported and sold to the Yangon market. At present, catfish output is lower than before. Right now, river catfish are among the best-selling fish in the market. As sales have improved, workers, business operators, and especially fish farming entrepreneurs are getting better business opportunities. River catfish produced in Nyaungdon Township are of good quality," said Daw Khin Khin.

In Nyaungdon Township, brokerage business owners purchase locally produced river catfish, process them into market-ready products, and redistribute them for sale, according to reports. River catfish from the area are currently priced at up to Ks-19,500 per viss.

**SMK**

## Plan underway to grow more than 9,000 acres of rainfed sesame in Ayadaw Township

AYADAW August 16

Ayadaw Township Agriculture Department in Sagaing Region mentioned that local farmers have planted more than 9,000 acres of rainfed sesame in the township this year.

During the 2026-2027 monsoon crop cultivation season, local authorities earmarked to cultivate 43,020 acres of rainfed sesame. Planting activities began in May this year, and 9,127 acres have already been planted as of today.

"This year's monsoon crop cultivation season, Ayadaw Township has planned to cultivate more than 40,000 acres of monsoon sesame. More than 9,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Kyaw Soe, Head of the Department of Agriculture in Ayadaw Township.

It is reported that this year, the Township Department of Agriculture in Ayadaw Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods.

**SK**

# Plan underway to grow more than 30,000 acres of rainfed paddy in Yinmabin Township this year

YINMABIN August 16

Local authorities earmarked cultivation of more than 30,000 acres of rainfed paddy in Yinmabin Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has targeted the cultivation of 30,000 acres of rainfed paddy. Planting is scheduled to take place from July through September this year.

"We have set a target of cultivating 30,000 acres of monsoon paddy in Yinmabin Township during this year's monsoon cropping season. Efforts will be made to ensure that the target acreage is fully achieved. We will provide the necessary cultivation technologies and seed varieties for paddy production. Field-level support will also be carried out to help farmers complete monsoon paddy planting on time," said U Hla Myint, Head of the Department of Agriculture in Yinmabin Township.

During this year's monsoon cropping season, the relevant township agriculture department and local farmers will work together to ensure that monsoon paddy can be cultivated systematically and without difficulties.

Farmers cultivating monsoon paddy in Yinmabin Township will receive agricultural technical assistance, awareness training on pest prevention and control, guidance to minimize crop losses, and information on ensuring that harvested paddy is transported under shelter in a timely manner.

To ensure successful crop establishment and good yields from this year's monsoon paddy fields in Yinmabin Township, staff from the Township Department of Agriculture will provide field-based technical support, including the selection and cultivation of quality certified seeds, pest monitoring, land preparation and weeding, removal of off-type plants, and the proper application of fertilizers, along with other agricultural extension services.

SK

# Merchants dispatch 55,000 baskets of Pakhan paddy to Yangon market

DANUBYU August 16

"Local merchants from Danubyu Township in Ayeyawady Region supplied 55,000 baskets of Pakhan paddy to Yangon market," said Daw Ei Ei Tun, the owner of rice and paddy trading depot in Danubyu Township.

Pakhan strain of paddy exports from Danubyu Township to the Yangon market reached 55,000 baskets.

"During the past month, we exported up to 55,000 baskets of Pakhan paddy from Danubyu Township. The Pakhan paddy exported from Danubyu Township to the Yangon market is of very good quality. This type of paddy is classified as a coarse-grain variety. The volume of exports increased because buyers from the Yangon market have shown strong demand for this paddy variety. Paddy prices are also currently high. Pakhan paddy is also in high demand in the domestic rice and paddy markets," said Daw Ei Ei Tun.

The Pakhan paddy exported from Danubyu Township to the Yangon market during the past month is fetching up to Ks-1.455 million per 100 baskets. Due to the improved trade of this paddy variety, farmers, traders, loading and unloading workers, and cargo truck operators are gaining employment opportunities.

SMK



# More than 3,000 acres of monsoon sesame planted in Sagaing Township



SAGAING August 16

Agricultural data from Sagaing Township Department of Agriculture in Sagaing Region stated that local farmers planted more than 3,000 acres of monsoon sesame in Sagaing Township this year.

During the 2026-2027 monsoon crop cultivation season, Sagaing Township has set a target to cultivate 24,633 acres of monsoon sesame, and planting activities have been carried out since May this year. As of today, 3,128 acres have already been planted.

"This year's monsoon crop cultivation season, Sagaing Township has set a plan to cultivate more than 24,000 acres of monsoon sesame. More than 3,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Myo Thant Aung, Township Head of the Department of Agriculture in Sagaing Township.

This year, the Township Department of Agriculture in Sagaing Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods.

SMK

# More than 1,000 acres of pigeon pea planted in Kani Township

KANI August 16

Statistics of Kani Township Agriculture Department stated that local farmers have planted more than 1,000 acres of pigeon pea as monsoon crops in Kani Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kani Township has planned to cultivate 15,393 acres of pigeon pea. Cultivation began in May this year, and it has been reported that 1,022 acres have been planted to date.

"This year, during the monsoon crop cultivation season, Kani Township has planned to cultivate more than 15,000 acres of pigeon pea. As of today, more than 1,000 acres have already been cultivated. We are making arrangements to ensure that the target acreage is achieved. We are also working to improve pigeon pea yields. Pigeon pea is cultivated as a standalone crop as well as an intercrop," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Township Agriculture Department in Kani Township has been providing field-based awareness training to pigeon pea farmers on selecting and cultivating quality and pure seeds, adopting proper cultivation methods, preventing pest and disease risks, and improving yields.

The Township Agriculture Department in Kani Township is also disseminating technologies that combine urea and borax application to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax has helped reduce cultivation costs, protect plants from pest attacks, and promote better plant growth.

SK

# Russia strikes cargo ship with Western arms supplies for Ukraine in Black Sea — MoD



MOSCOW August 16

The Russian Armed Forces struck a cargo ship carrying western military supplies to Ukraine in the Black Sea east of Odessa, the Russian Defence Ministry said on Sunday.

"A cargo ship delivering Western weapons to Ukraine was hit in the Black Sea east of Odessa," the statement read.

The Russian armed forces have struck three cargo ships and two tankers used in the interests of the Ukrainian military at the port of Odessa, the Russian Defence Ministry said.

"During the day, strike drones hit three dry cargo vessels and two marine tankers at Odessa port, which were used to deliver military supplies and fuel and lubricants for the Ukrainian armed forces, as well as fuel tanks and warehouses containing military equipment," the ministry said in a statement.

The Russian military continues to carry out strikes on Ukrainian port infrastructure used in the interests of the Ukrainian armed forces, it added.

The Russian Armed Forces struck a berth of the Ukrainian navy's patrol boats in the settlement of Vilkovo, the Russian Defence Ministry said.

"In the settlement of Vilkovo (138 kilometers [85 miles] southwest of Odessa) - a berth for Ukrainian navy patrol motorboats used to escort ships carrying military cargo and fuel to ports," the ministry said in a situation update, listing the recent targets.

The Russian Armed Forces continue to strike port infrastructure and ships deployed on behalf of the Ukrainian Armed Forces, Defence Ministry added.

The Russian armed forces have hit a facility producing uncrewed boats in the Ukrainian port city of Belgorod-Dnestrovskiy, the Russian Defence Ministry said.

"In Belgorod-Dnestrovskiy (40 kilometers [24 miles] southwest of Odessa), a production facility, a warehouse containing warhead components and parts for uncrewed boats used to attack vessels and energy infrastructure in the Black Sea, as well as Russian cities on the Black Sea coast, were hit," the ministry said.

It added that the Russian armed forces continued Sunday strikes on port infrastructure and vessels used for the benefit of the Ukrainian military. **Sputnik**

# Death toll from Zimbabwean boat capsize rises to 80

HARARE August 16

The death toll from the boat capsize accident at Lake Kariba in Zimbabwe on Tuesday has risen to 80 after eight more bodies were recovered on Sunday, police said.

Some of the bodies recovered earlier in the week have already been released to families for burial both within the Lake Kariba area and across the country.

Zimbabwean President Emmerson Mnangagwa has declared the accident a national disaster, directing full support for affected families.

The boat was traveling from Kariba town to the Chalala Fishing Camp when the accident occurred. A total of 77 people were rescued from the lake, authorities said. **Xinhua**

# Two injured after Air India Express passenger's gun goes off at Varanasi airport

NEW DELHI August 16

At least two people were injured after a licensed pistol of an Air India Express passenger went off during security screening Sunday at the airport in the northern Indian state of Uttar Pradesh, police said.

The firing incident took place at the airport in Varanasi, about 292 km southeast of Lucknow, the capital city of Uttar Pradesh.

According to police, the accidental firing occurred when the passenger's weapon and its ammunition were being inspected during the security check.

"A female security staff member was hit on the leg, and another person standing nearby was hit on the thumb," police said. "Both have been sent to a private hospital for treatment."

Police said appropriate legal action was being taken in the matter. **Xinhua**




# Israeli strike kills senior Hezbollah commander in S. Lebanon

JERUSALEM August 16

An Israeli airstrike killed a senior commander in Hezbollah's Badr regional division in southern Lebanon, the Israeli military said Sunday. Lebanese media reported that at least four people were killed in the attack.

The Israeli military said in a statement that Abu Hassan Alaa was killed late on Saturday in the strike on Deir al-Zahrani. It described the attack as "a response" to an earlier Hezbollah drone strike targeting Israeli troops in southern Lebanon that wounded three soldiers.

Lebanon's State-run National News Agency said Israeli warplanes struck a two-storey building, killing at least four people and wounding five.

Also on Saturday, seven people were killed in heavy Israeli airstrikes on the southern village of Ansar, one of the deadliest Israeli attacks since a ceasefire was reached in 2024.

Israeli attacks have killed at least 4,300 people in Lebanon since the latest round of fighting began on March 2.

**Xinhua**

# Wildfires on Greek island of Salamina kill 2, injure 9

ATHENS August 16

Two bodies were found on Sunday during a wildfire-fighting operation on the Greek island of Salamina, Greek national broadcaster ERT reported, citing Fire Service sources.

The bodies, whose identities have not yet been established, were discovered near the area where a wildfire appears to have started around midday in a forested area of Peristeria. Initial information indicated that the victims were a married couple.

The Fire Service Operations Center was alerted to the fire at 2:43 pm. local time. Within seven minutes, the fire spread rapidly amid strong winds. The blaze was burning through pine trees and had also damaged homes.

A second fire was burning in the Kaki Vigla area. An elderly man was rescued from his home there, while nine people suffering from burns in the Peristeria and Kaki Vigla areas were transported to the Salamina Health Center, according to Greek national news agency AMNA.

At least 90 people have been evacuated by sea as part of an ongoing operation. The Hellenic Coast Guard has been placed on alert, with vessels ready to provide assistance if required.

A total of 146 firefighters, supported by volunteers, have been deployed to tackle the fires. Four water-dropping aircraft and six helicopters have also been mobilized.With the latest reported fatalities on Salamina, the number of people who have lost their lives in wildfires across Greece this summer has risen to eight. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 57 Verb + -ing or to … 1 (remember, regret etc.)


## Exercises

**57.1 Put the verb into the correct form.**

1 I was very tired. I tried to keep my eyes open, but I couldn't. (keep)
2 I tried ..........the shelf, but I wasn't tall enough. (reach)
3 I rang the doorbell, but there was no answer. Then I tried ..........on the window, but there was still no answer. (knock)
4 We tried ..........the fire out, but without success. We had to call the fire brigade. (put)
5 Please leave me alone. I'm trying .......... . (concentrate)
6 Sue needed to borrow some money. She tried ..........Carl, but he didn't have any. (ask)
7 Mr Bennett isn't here right now. Please try .......... later. (call)
8 The woman's face was familiar. I tried ..........where I'd seen her before. (remember)
9 If you have a problem with the computer, try .......... it. (restart)

**57.2 For each picture, write a sentence with need(s) + one of the following verbs:**

clean cut empty paint tighten



1 This room isn't very nice. It needs painting .
2 The grass is very long. It .......... .
3 The windows are dirty. They .......... .
4 The screws are loose. .......... .
5 The bin is full .......... .

**57.3 Which is right?**

1 We spend too much time sitting down. We need getting / to get more exercise. (to get is correct)
2 These clothes are dirty. They all need washing / to wash.
3 My grandmother isn't able to look aft er herself any more. She needs looking / to look after.
4 I can't make a decision right now. I need thinking / to think about it.
5 Your hair is getting very long. It will need cutting / to cut soon.
6 I need a change. I need going / to go away for a while.
7 That shirt looks fine. You don't need ironing / to iron it.
8 That shirt looks fine. It doesn't need ironing / to iron.

**57.4 Put the verb into the correct form.**

1 I don't like him, but I can't help feeling sorry for him. (feel)
2 I've lost my phone. Can you help me ..........for it? (look)
3 They were talking very loudly. We couldn't help .......... what they said. (overhear)
4 He looks so funny. Whenever I see him, I can't help .......... . (smile)
5 The fine weather helped .......... it a really nice holiday. (make)
6 Did you help .......... the meeting? (organise)
7 I think about what happened all the time. I can't help .......... about it. (think)
8 I can't help you .......... a job. You have to find one yourself. (get)

**Raymond Murphy**



## ရုရှားက ရေပေါ်အမြောက်စခန်းတစ်ခုကို စမ်းသပ်နေ

ပင်လယ်ရေကြောင်းလုံခြုံရေးနဲ့ ကမ်းရိုးတန်းကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ဖို့အတွက် ရုရှားတပ်မတော်ဟာ ရေပြင်ပေါ်မှာမျောပါကာ ပစ်ခတ်တိုက်ခိုက်နိုင်တဲ့ရေပေါ်အမြောက်စခန်းစနစ်အသစ်တစ်ခုကိုစမ်းသပ်မှုတွေ ပြုလုပ်နေပါတယ်၊ ဒီရေပေါ်စခန်းတွေဟာ အဝေးထိန်းစနစ် သို့မဟုတ် အလိုအလျောက်ပစ်ခတ်နိုင်တဲ့ စက်သေနတ်နဲ့အမြောက်စနစ်တွေ တပ်ထားတဲ့ပလက်ဖောင်းတွေဖြစ်ပြီး ကမ်းရိုးတန်းစခန်းတွေ၊ ဆိပ်ကမ်းတွေနဲ့ အရေးပါတဲ့ရေကြောင်းဇုန်တွေဟာမြောက်နေရာတွေကို ရန်သူ့ဒရုန်းတွေ၊ စက်လှေတွေနဲ့ ကမ်းကပ်စစ်ဆင်ရေးတွေရန်ကနေ ကာကွယ်ဖို့ရည်ရွယ်ဖန်တီးထားတာပါ။

ဒီစမ်းသပ်မှုက ခေတ်သစ်စစ်ပွဲတွေမှာ ရေကြောင်းဒရုန်းတွေရဲ့ ခြိမ်းခြောက်မှုမြင့်မားလာချိန်မှာ ကမ်းရိုးတန်းကာကွယ်ရေးကို ကုန်ကျစရိတ်သက်သာစွာနဲ့ ပိုမိုထိရောက်စေဖို့ နည်းဗျူဟာအသစ်တစ်ရပ်အဖြစ် အကောင်အထည်ဖော်နေတာလည်း ဖြစ်ပါတယ်။ ဒီပလက်ဖောင်းတွေကို ရေပြင်ပေါ်မှာ အသေတပ်ဆင်ထားနိုင်သလို လိုအပ်တဲ့စစ်ဆင်ရေးနယ်မြေတွေဆီကို ရွှေ့ပြောင်းတပ်စွဲနိုင်ဖို့ပါ ရုရှားအင်ဂျင်နီယာတွေက ပုံစံထုတ်ထားတာပါ။

စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ သုံးသပ်ချက်အရ အခုလိုစနစ်တွေအသုံးပြုတာကြောင့် စစ်သင်္ဘောကြီးတွေ အမြဲတမ်းတပ်စွဲထားစရာမလိုဘဲ အရေးပါတဲ့ ပင်လယ်ကွေ့တွေနဲ့ ရေလမ်းကြောင်းတွေကို ၂၄ နာရီပတ်လုံးစောင့်ကြည့်နိုင်မှာဖြစ်တယ်လို့သိရပါတယ်။

Ref: IE

ကိုထက်

## Level 4 မောင်းသူမဲ့ဘတ်စ်ကား နယ်သာလန်မှာပြေးဆွဲ

တူရကီယဲနိုင်ငံအခြေစိုက် Karsan မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကထုတ်လုပ်ထားတဲ့ လူမလိုဘဲ အလိုအလျောက်မောင်းနှင်နိုင်သည့် Level 4 အဆင့်မြင့်နည်းပညာသုံး မောင်းသူမဲ့လျှပ်စစ်ဘတ်စ်ကားများက အခုဆိုရင် နယ်သာလန်နိုင်ငံရှိ ပုံပြင်ရွာလို့အမည်ရတဲ့ အထိမ်းအမှတ်ပန်းခြံထဲမှာ စတင်ပြေးဆွဲနေပြီဖြစ်ပါတယ်။


Level 4 အလိုအလျောက် မောင်းနှင်မှုစနစ်ဆိုတာ သတ်မှတ်ဧရိယာ သို့မဟုတ် လမ်းကြောင်းအတွင်းမှာ မောင်းနှင်သူလုံးဝမလိုအပ်ဘဲ ယာဉ်ကကိုယ်တိုင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လမ်းကြောင်းရှာဖွေရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးတွေကို တိကျစွာဆောင်ရွက်နိုင်တဲ့ နည်းပညာဖြစ်ပါတယ်။

ဒီမောင်းသူမဲ့ဘတ်စ်ကားတွေမှာ LiDAR၊ Radar နဲ့ ကင်မရာစနစ်မျိုးစုံ အစရှိတဲ့ အာရုံခံကိရိယာအစုတွေကိုပေါင်းစပ်ထားတဲ့နည်းပညာတွေ တပ်ဆင်ထားတာကြောင့် ပတ်ဝန်းကျင်ကို ၃၆၀ ဒီဂရီ အပြည့်အဝစောင့်ကြည့် စိစစ်နိုင်စွမ်းရှိပါတယ်။

အခုလိုမျိုး အနာဂတ်သုံး မြို့ပြအများပြည်သူပို့ဆောင်ရေးစနစ်အကောင်အထည်ဖော်မှုဟာ ယာဉ်မောင်းရှားပါးမှုကို ဖြေရှင်းပေးနိုင်မယ့်အပြင် စည်းကမ်းတကျမောင်းနှင်နိုင်မှုကြောင့် ယာဉ်အန္တရာယ်ကို လျှော့ချပေးနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ကြီးမားတဲ့အကျိုးကျေးဇူးတွေ ဆောင်ကြဉ်းပေးနိုင်မယ်လို့ လေ့လာသူများကပြောပါတယ်။

Ref: IE

ကိုထက်



## ဦးနှောက်လှိုင်းမှတစ်ဆင့် စိတ်ဓာတ်ကျနိုင်ခြေကို လေးနှစ်ကြိုတင်ခန့်မှန်းပေးနိုင်မယ့် AI နည်းပညာသစ်

တရုတ်သိပ္ပံပညာရှင်များက စိတ်ဓာတ်ကျရောဂါဖြစ်ပွားနိုင်တဲ့ အန္တရာယ်ကို လေးနှစ်အလိုကတည်းက ကြိုတင်ခန့်မှန်းပေးနိုင်မယ့် AI မော်ဒယ်တစ်ခုကိုအောင်မြင်စွာတီထွင်လိုက်ပါတယ်။ ရှန်ဇန်းတက္ကသိုလ်မှ သုတေသီများရဲ့အဆိုအရ အဓိကစိတ်ကျရောဂါကို တစ်ကမ္ဘာလုံးမှာလူဦးရေ ၃၃၂



သန်းကျော်ကခံစားနေရပြီး ကုသဖို့လည်း အလွန်ခက်ခဲတဲ့ရောဂါဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့် ရောဂါဖြစ်ပွားနိုင်ခြေကို ကြိုတင်ခန့်မှန်းနိုင်ပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ခြင်းဟာ ပြည်သူ့ကျန်းမာရေးအတွက် အလွန်ကြီးမားတဲ့အကျိုးကျေးဇူးကိုပေးစွမ်းနိုင်မှာပါ။

ယခု AI မော်ဒယ်ကို ဥရောပနိုင်ငံအများအပြားမှာပြုလုပ်ခဲ့တဲ့ ဆယ်ကျော်သက်စိတ်ဓာတ်ကျရောဂါဆိုင်ရာ လက်တွေ့စမ်းသပ်မှုနှစ်ခုမှအချက်အလက်များကို အခြေခံတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ သုတေသနတစ်ခုမှာတော့ပါဝင်သူတွေကို အသက် ၁၆ နှစ်၊ ၁၉ နှစ်နဲ့ ၂၃ နှစ် အရွယ်များမှာ သံလိုက်ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်း၊ မေးခွန်းလွှာများကို ဖြေဆိုစေခြင်းဖြင့် စိတ်ဓာတ်ကျရောဂါ ရှိ/မရှိ စောင့်ကြည့်စစ်ဆေးခဲ့ကြပါတယ်။

တရုတ်သုတေသနအဖွဲ့အနေနဲ့ အဲဒီအချက်အလက်များကို စိစစ်ပြီးနောက်မှာ ရောဂါဖြစ်နိုင်ခြေကို ထောက်လှမ်းနိုင်တဲ့ AI မော်ဒယ်ကို ဒီဇိုင်းဖန်တီးခဲ့တာပါ။ အဲဒီမော်ဒယ်ကိုအသုံးပြုပြီး အသက် ၁၉ နှစ်အရွယ်ရှိသူတွေမှာ ဘယ်သူကအသက် ၂၃ နှစ်ရောက်တဲ့အခါ စိတ်ဓာတ်ကျရောဂါ ခံစားရနိုင်ခြေပိုများလဲဆိုတာကို အောင်မြင်စွာကြိုတင်ခန့်မှန်းနိုင်ပြီး အဲဒီခန့်မှန်းချက်များကလည်း နောက်ဆုံးစမ်းသပ်မှုအချက်အလက်များနဲ့ တိကျစွာကိုက်ညီခဲ့ပါတယ်။

ပညာရှင်များက AI မော်ဒယ်ကိုတည်ဆောက်ဖို့အတွက် စမ်းသပ်ခံရသူများရဲ့ မျက်နှာများကဲ့သို့ ရုပ်ပုံများပေါ်တုံ့ပြန်မှုနဲ့ ဦးနှောက်ရဲ့ အချက်ပြတုံ့ပြန်မှုများကို စမ်းသပ်ခဲ့ကြပါတယ်။ စိတ်ဓာတ်ကျရောဂါမရှိသူများမှာ အခြားသူတွေရဲ့ မျက်နှာပေါ်ကအမူအရာအလိုက် စိတ်ခံစားချက်ပြောင်းလဲမှုများကို လွယ်ကူစွာခွဲခြားပြီး သင့်လျော်စွာတုံ့ပြန်နိုင်ပေမယ့်လည်း စိတ်ဓာတ်ကျရောဂါရှိသူများမှာမူ အဲဒီလိုမလုပ်ဆောင်နိုင်ဘဲ အခြားသူများက ကိုယ့်အပေါ်ဒေါသထွက်နေတယ်လို့ယူဆလေ့ရှိတာတွေ့ရပါတယ်။

"ဒီတွေ့ရှိချက်တွေဟာ မျိုးရိုးဗီဇဆိုင်ရာ ထိခိုက်လွယ်မှုနဲ့ ပြောင်းလဲသွားတဲ့စိတ်ခံစားချက်အပေါ်နားလည်မှု၊ အနာဂတ်မှာဖြစ်လာနိုင်တဲ့ စိတ်ဓာတ်ကျရောဂါတို့ကြား ချိတ်ဆက်ပေးထားတဲ့ နည်းလမ်းကိုပြသနေပြီး စောစီးစွာသိရှိနိုင်ဖို့နဲ့ ကာကွယ်နိုင်ဖို့ တွက်ချက်မှုဆိုင်ရာမှတ်ကျောက်တစ်ခုကို ရရှိစေပါတယ်" လို့ ရှန်ဇန်းတက္ကသိုလ်မှ AI မဟာဌာနတွဲဖက်ပါမောက္ခ လူဟာန်က ပြောပါတယ်။

၂၀၀၇ ခုနှစ်ကတည်းက စတင်လာခဲ့တဲ့ Imagen အမည်ရှိ အဓိကသုတေသနဟာ ဥရောပလေးနိုင်ငံမှ ဆယ်ကျော်သက်များရဲ့ စိတ်ဓာတ်ကျရောဂါ တိုးတက်ဖြစ်ပေါ်မှုကို စောင့်ကြည့်ခဲ့ခြင်းဖြစ်ပါတယ်။ စမ်းသပ်မှုအတွင်း ဒေါသထွက်မှု၊ ပျော်ရွှင်မှုနဲ့ ပုံမှန်ရှိမှုဆိုတဲ့ မျက်နှာရုပ်ပုံများကို ဆယ်ကျော်သက်များအားပြသနေစဉ် ဓာတ်မှန်ရိုက်ခဲ့ကြပါတယ်။

ပါမောက္ခ လူဟာန်ရဲ့အဖွဲ့က အဲဒီလိုမျိုး ဦးနှောက်လှုပ်ရှားမှုများကို အသေးစိတ်စိစစ်တဲ့နေရာမှာ မျက်နှာအပေါ် စိတ်ခံစားမှုများကိုမခွဲခြားနိုင်ဘဲ အခြားသူများကိုပါ ဒေါသထွက်နေတယ်လို့ ယူဆလေ့ရှိတဲ့ ပါဝင်သူများဟာ အရွယ်ရောက်တဲ့အချိန်မှာ စိတ်ဓာတ်ကျခြင်းနဲ့စိုးရိမ်ပူပန်ခြင်းဆိုတဲ့လက္ခဏာများကို ခံစားရနိုင်ခြေ သိသိသာသာ ပိုမိုမြင့်မားကြောင်း တွေ့ရှိခဲ့ရပါတယ်။

အဲဒါကိုအခြေခံပြီး ဦးနှောက်ကမြင်ကွင်းဆိုင်ရာ အချက်အလက်များကို ဘယ်လိုစိစစ်လဲဆိုတာအတုယူထားတဲ့ Deep Learning မော်ဒယ်တစ်ခုဖန်တီးခဲ့ပါတယ်။ ထိုမှတစ်ဆင့် မျက်နှာအမူအရာတုံ့ပြန်မှုမှာ အနုတ်သဘောဆောင်တဲ့ စိတ်ခံစားချက် သို့မဟုတ် အမှတ်တရများဘက်သို့ ယိုင်နေတဲ့အသက် ၁၉ နှစ်အရွယ်များမှာ စိတ်ဓာတ်ကျရောဂါဖြစ်ပွားရန် အခွင့်အရေးအများဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။

အဲဒီနောက်မှာ လူဟာန်နဲ့အဖွဲ့ဟာ ဒီလိုသုတေသနတွေ့ရှိချက်များကို အခြေခံပြီး ဒုတိယမြောက် စမ်းသပ်မှုဖြစ်တဲ့ Stratify မှာအသုံးပြုခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုဟာ စိတ်ဓာတ်ကျရောဂါကို အရက်စွဲခြင်း၊ အစားအလွန်အကြူးစားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကဲ့သို့ အခြားသော စိတ်ကျန်းမာရေးပြဿနာများနဲ့ နှိုင်းယှဉ်ထားခြင်းဖြစ်ပါတယ်။

ရလဒ်များအရ အမျိုးအစားမျိုးစုံရှိတဲ့ စိတ်ဓာတ်ကျရောဂါခံစားနေရသူ ဆယ်ကျော်သက် ၄၀၀ ကျော်အနက် အဓိကစိတ်ဓာတ်ကျရောဂါ စစ်ဆေးတွေ့ရှိရသူ ၁၃၄ ဦးတွင်သာ ပုံမှန်မဟုတ်တဲ့ ဖတ်ရှုချက်များကိုတွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ သို့သော် စွဲလမ်းမှု၊ အစာငတ်ခံတဲ့ရောဂါနဲ့ အစားအလွန်အကြူးစားတဲ့ရောဂါ လက္ခဏာရှိလူနာများတွင်မူ စိတ်ကျန်းမာရေးပြဿနာမရှိသူများနဲ့ ကွဲပြားမှုမရှိသလောက်နီးပါးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

Ref: SCMP

ကိုထက်

# ဘယ်ဂျီယံသမိုင်းတစ်လျှောက် အဆိုးဝါးဆုံးတောမီး ဂျာမနီဘက်သို့ ဦးတည်ကူးစက်နေ



ဘရပ်ဆဲ၊ သဘာဝဘေး

ဘယ်ဂျီယံနိုင်ငံရဲ့ သမိုင်းတစ်လျှောက် အကြီးမားဆုံးနဲ့ အဆိုးဝါးဆုံးအဖြစ် မှတ်တမ်းဝင်သွားတဲ့ တောမီးလောင်ကျွမ်းမှုက ဩဂုတ်လ ၁၆ ရက် မနက်ပိုင်းအထိ မြေဧက ၇၄၀၀ ကျော်ကို ကူးစက်လောင်ကျွမ်းပြီး ယခုအခါတောမီးက ဂျာမနီနယ်စပ်ဆီကို ဦးတည်ရွေ့လျားနေတယ်လို့ ဒေသတွင်း တာဝန်ရှိသူတွေက သတင်းထုတ်ပြန်ထားပါတယ်။

ဂျာမနီနိုင်ငံ ဟိုက်ဖန်းသဘာဝဘေးမဲ့တောမှာ ဩဂုတ်လ ၁၄ ရက်ကတည်းက တောမီးစတင်လောင်ကျွမ်းခဲ့တာဖြစ်ပြီး ဘယ်ဂျီယံ၊ ဂျာမနီနဲ့ လူဇင်ဘတ်နိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေနဲ့ ဒေသခံတောင်သူတွေ စုပေါင်း မီးငြိမ်းသတ်ဖို့ ကြိုးပမ်းနေကြပါတယ်။ ဒ့ါအပြင် ဘယ်ဂျီယံရဲ့ အရေးပေါ်အကူအညီတောင်းခံမှုကြောင့် ဥရောပသမဂ္ဂကလည်း မီးသတ်ရဟတ်ယာဉ်သုံးစင်းနဲ့ ရေတင်လေယာဉ်နှစ်စင်းကို စေလွှတ်ကူညီပေးထားပါတယ်။

ဒီတောမီးဟာ ၂၀၁၁ ခုနှစ်က လောင်ကျွမ်းခဲ့တဲ့ဧရိယာထက် နှစ်ဆကျော် ပိုမိုကျယ်ပြန့်နေပြီး အခုနွေရာသီမှာ ဥရောပတစ်ဝန်းရင်ဆိုင်နေရတဲ့ ငါးကြိမ်မြောက် အပူလှိုင်းကြောင့် ပိုမိုဆိုးဝါးလာတာပါ။ ဂျာမနီနယ်စပ်မြို့တစ်မြို့ဖြစ်တဲ့ မွန်ရှောင်မြို့မှတာဝန်ရှိသူတွေကတော့ မီးခိုးငွေ့ အန္တရာယ်ရှိလာတာကြောင့် နယ်စပ်အနီးနေထိုင်သူတွေ ဘေးလွတ်ရာရွှေ့ပြောင်းကြဖို့ သတိပေးထားပါတယ်။

မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးလောင်ပြင်ဖြစ်နေတဲ့နေရာမှာ တောမီးလောင်မှုကိုထိန်းချုပ်နိုင်ဖို့ ညလုံးပေါက်ကြိုးပမ်းခဲ့ကြပြီး ရာသီဥတုအေးမြစိုစွတ်လာရင်တော့ မီးငြိမ်းသတ်ရတာ ပိုမိုလွယ်ကူလာမယ်လို့ မျှော်လင့်နေကြပါတယ်။ လက်ရှိအခြေအနေမှာတော့ တောမီးက လူနေအိမ်တွေဆီ မကူးစက်သေးပေမယ့်ဘေးလွတ်ရာရွှေ့ပြောင်းထားရတဲ့ ဒေသခံတွေကိုတော့ တာဝန်ရှိသူတွေကအိမ်ပြန်ခွင့် မပြုသေးပါဘူး။ ရာသီဥတုပြောင်းလဲမှုကြောင့်အပူလှိုင်းများဖြစ်ပေါ်ပြီး ပိုမိုပူပြင်းခြောက်သွေ့လာမှုတွေဟာ အခုလိုတောမီးတွေကို မြန်မြန်ဆန်ဆန်ကူးစက်စေပြီး ကာလရှည်ကြာလောင်ကျွမ်းစေတာဖြစ်တယ်လို့ ပညာရှင်တွေက ထောက်ပြထားပါတယ်။ **Ref: ST**

# တရားမဝင်အလုပ်သမားဖမ်းဆီးမှုမှတစ်ဆင့် တရုတ်နှင့်ဖိလစ်ပိုင် သံတမန်ရေးတင်းမာမှုပိုမိုမြင့်တက်



မနီလာ၊ နိုင်ငံရေး

တောင်တရုတ်ပင်လယ်ပြင်မှာ ပိုင်နက်အငြင်းပွားမှုတွေကြောင့် တင်းမာနေတဲ့ တရုတ်နဲ့ဖိလစ်ပိုင်ဆက်ဆံရေးဟာ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနဲ့ တရားမဝင်အလုပ်သမားဖမ်းဆီးမှု ပြဿနာတွေဆီပါ ကူးစက်လာပြီး နှစ်နိုင်ငံကြား သံတမန်ရေးအရ စကားလုံးစစ်ပွဲတွေ ပြင်းထန်လာနေပါတယ်။


ပြီးခဲ့တဲ့မေလအတွင်းက ဖိလစ်ပိုင်နိုင်ငံ Misamis Oriental ရှိသံမဏိစက်ရုံတစ်ခုမှာ တရားမဝင်နေထိုင်ပြီး အလုပ်လုပ်ကိုင်နေတယ်လို့စွပ်စွဲခံရတဲ့ တရုတ်နိုင်ငံသား ၇၀ ခန့်ကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဂီးဘာတို တီယိုဒိုရိုရဲ့ညွှန်ကြားချက်နဲ့ တပ်မတော်ကဝင်ရောက်ဖမ်းဆီးခဲ့ပါတယ်။ ဒီလိုလုပ်ရပ်နဲ့ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံရုံးမှပြောရေးဆိုခွင့်ရှိသူ ကျီလင်းဖုန်းက ကာကွယ်ရေးဝန်ကြီးအနေနဲ့ ရဲတပ်ဖွဲ့ရဲ့ ဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာ ဝင်ရောက်စွက်ဖက်နေပြီး နှစ်နိုင်ငံဆက်ဆံရေးပျက်စီးစေမယ့် တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ လုပ်ဆောင်နေတယ်ဆိုပြီး ဩဂုတ်လ ၁၅ ရက်နှောင်းပိုင်းမှာပြောပါတယ်။

တရုတ်သံရုံးရဲ့ပြောဆိုချက်ကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနက စကားလုံးပြင်းပြင်းထန်ထန်နဲ့ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ တရုတ်သံရုံးရဲ့ထုတ်ပြန်ချက်ဟာ အဓိကပြဿနာကိုမဖြေရှင်းဘဲ ရှောင်လွှဲနေခြင်းသာဖြစ်ပြီး ကိုယ့်နိုင်ငံသားတွေရဲ့ ကျူးလွန်မှုကို မသိကျိုးကျွန်ပြုလုပ်ပြီးနေတာဖြစ်တယ်လို့ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက ဩဂုတ်လ ၁၆ ရက်မှာတုံ့ပြန်ခဲ့ပါတယ်။ ဖမ်းဆီးခံခဲ့ရတဲ့ တရုတ်နိုင်ငံသားအားလုံးကိုတော့ နောက်ပိုင်းမှာ ပြန်လွှတ်ပေးပြီးဖြစ်တယ်လို့ သံရုံးဘက်က ပြောပါတယ်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက တရုတ်နဲ့ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်စတင်ချင်တယ်လို့ အရိပ်အမြွက်ပြောထားချိန်မှာပဲ နှစ်နိုင်ငံကြားမှာ အခုလိုမျိုးအစိုးရအရာရှိအဆင့် စကားလုံးစစ်ပွဲတွေ ဖြစ်ပွားခဲ့တာပါ။ ဒါဟာ နှစ်နိုင်ငံကြား ပဋိပက္ခဆက်လက်ကျယ်ပြန့်လာနေတာကို မီးမောင်းထိုးပြနေတယ်လို့ သုတေသီများက သုံးသပ်ထားကြပါတယ်။

**Ref: SCMP**

# မြောက်ကိုရီးယားစစ်သည်များကို တောင်ကိုရီးယားက သတိပေးပစ်ခတ်မှုလုပ်



ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားတပ်မတော်က ယခုသီတင်းပတ်အစောပိုင်းမှာ စစ်မဲ့ဇုန်ရှိ စစ်ရေးနယ်နိမိတ်မျဉ်းကို ကျော်လွန်ဝင်ရောက်လာတဲ့ မြောက်ကိုရီးယားစစ်သည်တွေကို သတိပေးပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရရဲ့ သတင်းအရင်းအမြစ်ကိုကိုးကားပြီး Yonhap သတင်းဌာနက ဩဂုတ်လ ၁၆ ရက်မှာ ဖော်ပြလိုက်ပါတယ်။

ဒီဖြစ်စဉ်ဟာ ယခုနှစ်အတွင်း မြောက်ကိုရီးယားတပ်ဖွဲ့ဝင်တွေ နယ်စပ်မျဉ်းကျော်လွန်မှုအပေါ် တောင်ကိုရီးယားဘက်က ပထမဆုံးအကြိမ် သတိပေးပစ်ခတ်ခဲ့ရတာဖြစ်ပါတယ်။ ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ပိုင်းနယ်စပ်မှာ မြောက်ကိုရီးယားမှ စစ်သည်အများအပြား စစ်ရေးနယ်နိမိတ်မျဉ်းကို ကျော်လွန်လာတာကြောင့် တောင်ကိုရီးယားတပ်ဖွဲ့တွေက လုပ်ထုံးလုပ်နည်းအတိုင်း သတိပေးပစ်ခတ်ခဲ့ရာ မြောက်ကိုရီးယားစစ်သည်များ မြောက်ဘက်ခြမ်းသို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး အခြားပုံမှန်မဟုတ်တဲ့လှုပ်ရှားမှုများမရှိဘူးလို့ သိရပါတယ်။

၂၀၂၃ ခုနှစ်နှောင်းပိုင်းမှာ မြောက်ကိုရီးယားဘက်က တောင်-မြောက် ဆက်ဆံရေးကို ရန်ဘက်နိုင်ငံနှစ်ခုအဖြစ် ကြေညာခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်များအတွင်း နယ်စပ်ဒေသကာကွယ်ရေးစနစ်တွေကို ပိုမိုမြှင့်တင်ခဲ့ရာမှ ပြီးခဲ့တဲ့နှစ်မှာ အလားတူနယ်စပ်မျဉ်းကျော်လွန်လာမှု ဖြစ်စဉ်ပေါင်း ၁၇ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့တာတွေ့ရပါတယ်။

တောင်ကိုရီးယားတပ်မတော် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများအရ နယ်စပ်မျဉ်းအနီးသို့ ချဉ်းကပ်လာမှုရှိပါက သတိပေးအသံလွှင့်ခြင်း၊ မျဉ်းကျော်လွန်ပါက သတိပေးပစ်ခတ်ခြင်းများ ဆောင်ရွက်လေ့ရှိပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မြောက်ကိုရီးယားဘက်ကတော့ တစ်စုံတစ်ရာထုတ်ပြန်ပြောဆိုခြင်းမရှိသေးပါဘူး။

**Ref: Xinhua**

# တရုတ်က အင်တာနက်ဂြိုဟ်တုအုပ်စုအသစ်ကို ဟိုင်နန်ပြည်နယ်မှ အောင်မြင်စွာလွှတ်တင်

ပေကျင်း၊ အာကာသ

တရုတ်နိုင်ငံဟာ တောင်ပိုင်းကျွန်းပြည်နယ်တစ်ခုဖြစ်တဲ့ ဟိုင်နန်ကျွန်းရဲ့ စီးပွားဖြစ် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှတစ်ဆင့် ကမ္ဘာပတ်လမ်းကြောင်းအနိမ့်သွား အင်တာနက်ဂြိုဟ်တုအုပ်စုအသစ်များကို ဩဂုတ်လ ၁၆ ရက်က ကမ္ဘာပတ်လမ်းကြောင်းအတွင်း အောင်မြင်စွာလွှတ်တင်လိုက်ပါတယ်။

လွှတ်တင်လိုက်တဲ့ ဂြိုဟ်တုတွေက အင်တာနက်ဂြိုဟ်တုအုပ်စုရဲ့ ၂၄ သုတ်မြောက်ဖြစ်ပြီး Long March-12 သယ်ယူပို့ဆောင်ရေးဒုံးပျံအသုံးပြုကာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်မှာ လွှတ်တင်လိုက်ခြင်းဖြစ်ပါတယ်။ လွှတ်တင်လိုက်တဲ့ ဂြိုဟ်တုအားလုံးဟာသတ်မှတ်ထားတဲ့ ပတ်လမ်းကြောင်းများထဲ အောင်မြင်စွာဝင်ရောက်သွားပါတယ်။ဒီလိုလွှတ်တင်မှုတွေက တရုတ်နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ အာကာသကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အင်တာနက်ကွန်ရက်ဖြန့်ကြက်ရေးအတွက် အရေးပါတဲ့ခြေလှမ်းဖြစ်ပါတယ်။ **Ref: Xinhua**

# အမေရိကန်စစ်ဌာနချုပ်တစ်ခုရဲ့မြေပုံမှာ ဂါဇာနဲ့ အနောက်ဘက်ကမ်းကို အစ္စရေးပိုင်နက်အဖြစ် ဖော်ပြထား

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ရဲ့စစ်ဌာနချုပ်တစ်ခုဖြစ်တဲ့ အလယ်ပိုင်းဒေသစစ်ဌာနချုပ်က လူမှုကွန်ရက်ပေါ်မှာတင်ခဲ့တဲ့ အရှေ့အလယ်ပိုင်းမြေပုံတစ်ခုမှာ ဂါဇာကမ်းမြောင်ဒေသနဲ့ အနောက်ဘက်ကမ်းဒေသတို့ကို အစ္စရေးပိုင်နက်အဖြစ် ထည့်သွင်းဖော်ပြထားတာကြောင့် ပထဝီဝင်ဆိုင်ရာ လွဲမှားဖော်ပြမှုအဖြစ် ဝေဖန်အပြစ်တင်ခံနေရပါတယ်။

အဲဒီမြေပုံကို အလယ်ပိုင်းဒေသစစ်ဌာနချုပ်မှူးရဲ့ဒေသတွင်း ၁၀ ရက်ကြာ ခရီးစဉ်နဲ့ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက်မှာ ပူးတွဲဖော်ပြခဲ့တာဖြစ်ပါတယ်။ မြေပုံထဲမှာ တခြားနိုင်ငံများရဲ့နယ်နိမိတ်တွေကို စနစ်တကျ ပိုင်းခြားဖော်ပြထားပေမယ့်လည်း ပါလက်စတိုင်းပိုင်နက်များဖြစ်တဲ့ ဂါဇာနဲ့ အနောက်ဘက်ကမ်းဒေသကို အစ္စရေးနိုင်ငံနဲ့ခွဲခြားထားသည့် နယ်နိမိတ်မျဉ်းများ ထည့်သွင်းထားခြင်းမရှိပါဘူး။

ဂါဇာနဲ့အနောက်ဘက်ကမ်းဒေသတို့ဟာပါလက်စတိုင်း ပဋိပက္ခနဲ့အရှေ့အလယ်ပိုင်းဒေသတွင်းမတည်ငြိမ်မှုများရဲ့ အဓိကဗဟိုချက်ဖြစ်နေချိန်မှာ အမေရိကန်စစ်ဌာနချုပ်တစ်ခုရဲ့အခုလိုနယ်နိမိတ်ချန်လှပ်ဖော်ပြမှုကို သိသာထင်ရှားတဲ့မှားယွင်းမှုတစ်ရပ်အဖြစ် ဝေဖန်သူများကထောက်ပြပါတယ်။ လက်ရှိအမေရိကန်ရဲ့ အပြည့်အဝထောက်ခံမှုနဲ့ အစ္စရေးက ဂါဇာနဲ့လက်ဘန္ဒနုန်မှာ စစ်ရေးလှုပ်ရှားမှုတွေကိုဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ **Ref: Sputnik**

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို အက အရေး အတီးပြိုင်ပွဲ နတ်တလင်းမြို့နယ်၌ ကျင်းပ



နတ်တလင်း ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ်လ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ထားထားနု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးငွေးလွင်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်များက ခေတ်ဟောင်း၊ ကာလပေါ်တေးဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်ငါးဦး၊ မဟာဂီတဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်နှစ်ဦး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်တစ်ဦး၊ အရေးဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်တစ်ဦး၊ အကဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်လေးဦး၊ ပတ္တလားဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်နှစ်ဦး၊ စန္ဒရားဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်သုံးဦး၊ ဆိုင်းဝိုင်းတစ်ဦးချင်းဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်နှစ်ဦး၊ ဆိုင်းဝိုင်းအဖွဲ့လိုက် ဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်တစ်ဦး၊ ပုလွေဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်တစ်ဦး၊ နှဲဘာသာရပ်ဖြင့် ပြိုင်ပွဲဝင်တစ်ဦးတို့က ကဏ္ဍအလိုက် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထားထားနု၊ ခရိုင်အဆင့်တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**နတ်တလင်း(ပြန်/ဆက်)**

# အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

ဆိပ်ဖြူ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အခြေခံပညာမူလတန်းကျောင်းရှိ အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးနေမှုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များက ဩဂုတ်လ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့် ဝန်ထမ်းများက အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးနေပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ထက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလေးမောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမောင်မောင်တင်နှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့က ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးက အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြပေးပြီး လိုအပ်သည်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။



**ကိုဇွဲ(အညာမြေ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲရေးနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်

မြို့သစ် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲရေးနှင့်ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၆ ရက်တွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းတတ်စေရန်နှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲရေးနှင့်ငွေစာရင်းထိန်းသိမ်းမှုသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရာတွင် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများနှင့်ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကိုပြောကြားကြောင်း သိရသည်။

**အထွေး**

# မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ ငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းအမှတ်စဉ်(၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ငါးသားဖောက်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းသင်တန်းကို နည်းပြများက သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးဖြင့် ဩဂုတ်လ ၁၄ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# လူငယ်များ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ယူ-၁၄ ဘောလုံးပြိုင်ပွဲကျင်းပ

သဲကုန်း ဩဂုတ် ၁၆

ကျောင်းသား၊ ကျောင်းသူလူငယ်များ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကာယစွမ်းရည်တိုးတက်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး အားကစားကို ချစ်မြတ်နိုးတတ်စေရန် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အားကစားကွင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ယူ-၁၄ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ်လ ၁၅ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့်ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဘောလုံးနည်းပြများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အားကစားသမားများကို အားပေးနှုတ်ဆက်ကြသည်။

ထို့နောက်အ.ထ.က(သဲကုန်း)မှကျောင်းသူများက Fitness Dance ဖြင့် ကပြဖျော်ဖြေကြပြီး ပြိုင်ပွဲကိုစတင်ဖွင့်လှစ်သည်။

ဆက်လက်၍ အင်းမအသင်းနှင့် ပုတီးကုန်း(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။



အခြေခံပညာကျောင်းပေါင်းစုံ ယူ-၁၄ ဘောလုံးပြိုင်ပွဲကို ဇုန်ငါးဇုန်ရှိ အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းမှ အသင်းရှစ်သင်းက အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်သီရိမြင့်မိုရ်နှင့်တပ်ဖွဲ့ဝင်များသည် အမှတ် ၃ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခြင်း၊ သုံးခွမြို့နယ်ညောင်လန်းကုန်းရဲကင်းမှူး ဒုတိယရဲအုပ်အောင်သူဖြိုးနှင့်တပ်ဖွဲ့ဝင်များသည် အမောင်းကျေးရွာ၌ နေအိမ်အတွင်း(Home visit) မှုခင်းအသိပညာပေးခြင်းနှင့် ဗဟန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များသည်ကမ္ဘာအေးလမ်းပေါ်၌ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ညပိုင်းကလည်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးသီဟကျော်နှင့် ပူးပေါင်းအဖွဲ့သည် လှော်ကားလမ်းပေါ်၌ ယာဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကျော်နှင့်တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ဗိုလ်တထောင်မြို့နယ် မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်း ဒုတိယရဲအုပ်အောင်ကိုကိုပိုင်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် အမှတ် ၉ ရပ်ကွက်အတွင်း ဧည့်စာရင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်သူ**

■ **ကျောဖုံးမှအဆက်**

ဆန်မျိုးစိတ်အရည်အသွေးကောင်းမွန်မှုကြောင့်ဖြစ်သည်။

"ပြည်ပပို့ကုန်ဆန်တင်ပို့ရာမှာ ဖိလစ်ပိုင်နိုင်ငံက GW-11 အဝယ်လိုက်နေတဲ့အတွက် လေးလအတွင်း တန်ချိန်ရှစ်သိန်းကျော် ပို့ပြီးပါပြီ။ သူတို့က GW-11 ဆန်ရဲ့ အရည်အသွေးထက် ဆန်မျိုးစိတ်ကို ပိုပြီးနှစ်ခြိုက်တာကြောင့် အဝယ်လိုက်တာပါ။ ဖိလစ်ပိုင်နိုင်ငံက ပိုပြီးဝယ်ယူတာကြောင့်ဧရာဝတီတိုင်းဒေသကြီးမှာ စိုက်ပျိုးသလို အခြားဒေသတွေမှာလည်း သီးသန့်စိုက်ခင်းတွေစိုက်ပျိုးပြီး မျိုးစိတ်အရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားဖို့လိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံက GW-11 ဆန်ကို ဗီယက်နမ်ကနေ အဝယ်များပေမယ့်မြန်မာနိုင်ငံကပိုမှာယူပြီး ထိုင်းနိုင်ငံထက်ဈေးပိုပေးအဝယ်လိုက်တာဟာ နိုင်ငံအတွက်လည်း အားရဂုဏ်ယူစရာပါ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီမံခန့်ခွဲရေးကော်မတီဝင် ဦးစိုးကျော်က ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဧပြီလမှ ဩဂုတ်လအထိ ဆန်တန်ချိန် ရှစ်သိန်းကျော်တင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံးတင်ပို့ခဲ့ကာ ဆန်တန်ချိန်ငါးသန်းဝယ်ယူရန် ပြင်ဆင်နေသည့် ဖိလစ်ပိုင်နိုင်ငံသို့ GW-11 ဆန်များ ဆက်လက်တင်ပို့လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှ GW-11 ဆန်များ ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ချိန်တွင် ဈေးအသင့်အတင့်ရခဲ့ပြီး ယခုလပိုင်းအတွင်း ဝယ်လိုအားကောင်းမှုကြောင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် GW-11 ဆန်များ ဈေးကောင်းရလျက်ရှိသည်။ GW-11 မြန်မာ့ဆန်ကို ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ခဲ့ရာမှ ထိုဆန်ကို နှစ်ခြိုက်လာမှုကြောင့် မှာယူမှုများလာခြင်းဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

▲ **ဧရာဝတီမြစ်ရေမှ**

နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ (၂ လက်မခန့်) ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၃ စင်တီမီတာ (၁ ပေ ၅ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ(၄ လက်မခန့်)မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၁ စင်တီမီတာ (၁ ပေ ၄ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ(၄ လက်မခန့်) မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၂ စင်တီမီတာ (၃ ပေခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ (၂ လက်မခန့်) မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ (၁ ပေ ၈ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ (၂ လက်မခန့်) မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ (၄ လက်မခန့်) မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့်သတိပြုနေထိုင်ပါရန်နှင့် ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့်ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ ရေကြီးမှု အခြေအနေသတင်းနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မိုး/ဇလ)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၈-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၀၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၀၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၀၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၀၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၀၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၀၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၀၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၀၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၁၅ | ၅၃၂၅ | ၅၃၁၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၀၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၁၅ | | ၅၃၁၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်ပွဲရပြည်နယ်လက်ရွေးစင် ဘတ်စကက်ဘောအသင်းအား မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆို

မြစ်ကြီးနား ဩဂုတ် ၁၆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား ငါးယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့တွင် တတိယဆုများ ဆွတ်ခူး ရရှိခဲ့ကြသည်။ ကချင်ပြည်နယ်လက်ရွေးစင် ဘတ်စကက်ဘောအသင်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိလာကြရာ လေဆိပ်၌ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။



အဆိုပါ အောင်ပွဲရလက်ရွေးစင် ဘတ်စကက်ဘောအသင်းကို ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်ဥပဒေချုပ်တို့က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာ အဖွဲ့၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ လီဆူရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေသော အားကစား သမားများနှင့် နည်းပြအုပ်ချုပ်သူများ၊ ယူချိန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ များနှင့်အတူ ဂုဏ်ပြုပန်းကုံး၊ အောင်သပြေ တို့ဖြင့် လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆို ခဲ့ကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ပွဲရလက်ရွေးစင်ဘတ်စကက်ဘော အသင်း ကြိုဆိုရေးအဖွဲ့များကို ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၆

ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ Nagoya City Mizuho Park Gymnasium ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ အောက်တို ဘာလ ၄ ရက်အထိ ကျင်းပမည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games Aichi–Nagoya 2026) တွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ် သည်။

အဆိုပါ အာရှအားကစားပြိုင်ပွဲသို့ ဦးအောင်မြင့်မြတ်က အဖွဲ့ခေါင်းဆောင် အဖြစ်တာဝန်ယူကာ အုပ်ချုပ်/နည်းပြအဖွဲ့ တွင် ဒေါက်တာစိုးလူကျော်(အုပ်ချုပ်သူ)၊ ဦးအောင်ချိုမြင့်(အမျိုးသားအသင်းနည်းပြ)၊ ဦးအောင် မျိုးဆွေ (အမျိုးသမီးအသင်း နည်းပြ)၊ ဦးဇင်ကိုကို(အမျိုးသားအသင်း လက်ထောက်နည်းပြ)နှင့်ဒေါ်နမ့်ယဉ်ယဉ်မြင့် (အမျိုးသမီးအသင်းလက်ထောက်နည်းပြ) တို့ပါဝင်ပြီး အမျိုးသားကစားသမား ၁၂ ဦး၊ အမျိုးသမီးကစားသမားကိုးဦးတို့ သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပိုက် ကျော်ခြင်းအဖွဲ့သည် နှစ်ယောက်တွဲပြိုင်ပွဲ (Double Event)၊ သုံးယောက်တွဲပြိုင်ပွဲ (Regu Event)နှင့် လေးယောက်တွဲပြိုင်ပွဲ (Quadrant Event)များတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သိရသည်။

**ဝန်းရံ့ခ**

❒ **ကျောဖုံးမှအဆက်**

ကျင်းပလျက်ရှိရာ ယနေ့ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ သည်။

အမျိုးသား ၅၁ ကီလိုလူသစ်တန်းပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ မြင့်မြတ် မောင်(အနီ)နှင့် မန္တလေးတိုင်းဒေသကြီး အသင်းမှ မြတ်ဘုန်းခေါင် (အပြာ)တို့ ယှဉ်ပြိုင်ရာ မြင့်မြတ်မောင် (အနီ)ကလည်း ကောင်း၊ ကချင်ပြည်နယ်အသင်းမှ ဂွမ်ဆန်ဆိုင်းအောင်(အနီ)နှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းမှ ဒီဆိုင်းလျန် (အပြာ)တို့ ယှဉ်ပြိုင်ရာ ဂွမ်ဆန်ဆိုင်းအောင် (အနီ)ကလည်းကောင်း၊ ချင်းပြည်နယ် အသင်းမှ ထွန်းဝေယံလင်း(အနီ)နှင့် မွန် ပြည်နယ်အသင်းမှ ကျော်ကျော်ဌေး (အပြာ) တို့ ယှဉ်ပြိုင်ရာ ကျော်ကျော်ဌေး(အပြာ) ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မင်းဘုန်းမြင့် (အနီ)နှင့် ကရင်ပြည် နယ်အသင်းမှ ဖိုးသဲ(အပြာ)တို့ ယှဉ်ပြိုင်ရာ ဖိုးသဲ(အပြာ)ကလည်းကောင်း၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မွန် ပြည်နယ်အသင်းမှ စောချစ်လေး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ချစ်ငြိမ်းဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ စောချစ်လေး(အနီ)ကလည်း ကောင်း၊ ကယားပြည်နယ်အသင်းမှ အာကာ ပိုင်ထူး(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ထက်ရှိုင်းလွင်(အပြာ)တို့ ယှဉ်ပြိုင် ရာ ထက်ရှိုင်းလွင်(အပြာ)ကလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ တမ်ဟာရှိန်း (အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဖြိုးမင်းသန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ တမ်ဟာ ရှိန်း(အနီ)ကလည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ လင်းသူရအောင်(အနီ) နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ထက်လင်းစံ(အပြာ)တို့ ယှဉ်ပြိုင် ရာ လင်းသူရအောင်(အနီ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၇ ကီလို လူသစ် တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထူးမြတ်လင်း (အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရန်ကျိန်ကျိ(အပြာ)တို့ ယှဉ်ပြိုင်ရာ ထူးမြတ်လင်း(အနီ)ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေယံမင်းသူ (အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ဖွဲ့လင်း ထက်နိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဝေယံမင်းသူ(အနီ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှမြတ်မင်းသူ (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်မျိုးအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(အပြာ)ကလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ထက်ကို (အနီ)နှင့်ကချင်ပြည်နယ်အသင်းမှနိုင်ထက်ဦး (အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ထက်ကို (အနီ)ကလည်းကောင်း၊ အမျိုးသား ၅၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲတွင် ပဲခူး တိုင်းဒေသကြီးအသင်းမှ ကျော်စိုးသန်း (အနီ)နှင့် ကယားပြည်နယ်အသင်းမှ ဝေယံ ကျော်(အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်စိုးသန်း (အနီ)ကလည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးအသင်းမှ ချမ်းမျိုးထက်(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှမင်းပြည့်စုံ (အပြာ)တို့ ယှဉ်ပြိုင်ရာ ချမ်းမျိုးထက်(အနီ) ကလည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဟာဂေဟုန်း(အနီ)နှင့်ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဒွေးကို(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟာဂေဟုန်း (အနီ) ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဝိုင်းချစ် ထွန်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောစိုးဒို့(အပြာ)တို့ ယှဉ်ပြိုင်ရာ စောစိုးဒို့ (အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင် ရရှိခဲ့သည်။

ဩဂုတ်လ ၁၇ ရက်တွင် ရိုးရာလက်ဝှေ့ ပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၃.၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင် များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု နိုင်ကြောင်းသိရသည်။

**မြဝတီ**

● **MNL U–20 မှ**

ရန်ကုန်စီးတီးအသင်းကသုံးဂိုးပြတ်သွင်း၍ မြဝတီအသင်းကိုအနိုင်ရရှိသွားသည်။

အဆင့် ၉ နေရာမှ ရန်ကုန်စီးတီးအသင်း နှင့် အဆင့် ၁၃ နေရာမှ မြဝတီအသင်းတို့ ယနေ့ပွဲတွင် ဆုံတွေ့ခဲ့ကြပြီး ရန်ကုန်စီးတီး အသင်းသည် နောက်ဆုံးကစားထားသည့် ပွဲတွင် ISPE အသင်းကိုရှုံးထားသကဲ့သို့ မြဝတီအသင်းသည်လည်း နောက်ဆုံး ကစားထားသည့်ပွဲတွင် သစ္စာအားမာန် အသင်းကိုရှုံးထား၍ နှစ်သင်းစလုံးနိုင်ပွဲ လိုအပ်နေကြသည်။

ပထမပိုင်းပွဲစသည်နှင့် ရန်ကုန်စီးတီး အသင်းကပွဲကိုဦးဆောင်ကစားခဲ့သော်လည်း မြဝတီနောက်တန်းနှင့် ဂိုးသမားကိုမကျော် လွှားနိုင်ဘဲ ဘောလုံးကအပျက်များနေ၍ ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရသည်။ မြဝတီ အသင်း၏ တန်ပြန်တိုက်စစ်သည်လည်း ထိရောက်မှုမရှိ၍ တစ်ဖက်နှင့်တစ်ဖက်ဂိုး ရရှိရန် ရုန်းကန်ကြရသည်။ ကစားချိန် ကြာလာသည်နှင့် ရန်ကုန်စီးတီးအသင်း တိုက်စစ်သည် ပြိုင်ဘက်ဂိုးဧရိယာ၌ အချိတ်အဆက်အပေးအယူကောင်းပြီး ဂိုးဖန်တီးမှုအခွင့်အရေးကောင်းများရရှိ လာသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကြရင်း ပွဲကစားချိန် ၄၄ မိနစ် အရောက်တွင် မြဝတီအသင်းဂိုးမပေးရရေး ကာကွယ်ဖြတ်ထုတ်ရာမှ ဂိုးဝင်သွား၍ ရန်ကုန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိ သွားကာ ပထမပိုင်းအပြီး၌ ရန်ကုန်စီးတီး အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင် ထားသည်။

ဒုတိယပိုင်းတွင် မြဝတီအသင်းချေပဂိုး ပြန်လည်ရရှိရန်ကြိုးစားခဲ့သော်လည်း ရန်ကုန်စီးတီးအသင်း ဦးဆောင်မှုအောက် တွင်သာကစားခဲ့ရ၍ ဂိုးနှင့်အလှမ်းဝေး ခဲ့ရသည်။ မြဝတီအသင်းသည် အချိန်ကြာ လာသည်နှင့် ရန်ကုန်စီးတီးအသင်းတိုက်စစ် ကို ဟန့်တားနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန် ၈၁ မိနစ်တွင် အောင်ပြည့်ဖြိုးက ဒုတိယဂိုးနှင့် ပွဲကစားချိန် မိနစ် ၉၀ တွင် ကျော်မင်းမောင်က တတိယဂိုးများ ထပ်မံ သွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၃ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းကို အနိုင်ရရှိသွားသည်။

**ဝန်းရံ့ခ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

❍ **နိုင်ငံတကာစကိတ်ပြိုင်ပွဲမှ**

အဆိုပါ နိုင်ငံတကာစကိတ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှနည်းပြနှင့် လက်ရွေးစင် ကစားသမားသက်ခိုင်ဦးသည် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အတွင်း မွန်ဂိုလီးယား၊ တောင်ကိုရီးယား၊ ကာဇက် စတန်၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ ချီလီတို့မှ ထိပ်တန်း စကိတ်အားကစားသမားများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ကစားသမား သက်ခိုင်ဦးသည်ယင်းပြိုင်ပွဲတွင်အောင်မြင်မှု ဆုတံဆိပ်များရရှိရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ T–Star Academy တွင် နှစ်လတာ Joint Training သင်ယူပြီး ၎င်းနိုင်ငံတကာစကိတ်ပြိုင်ပွဲ In–line Freestyle အားကစားနည်း၏ ပြိုင်ပွဲ အမျိုးအစားနှစ်ခု၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ခြင်းဖြစ်သည်။

နိုင်ငံတကာစကိတ်ပြိုင်ပွဲတွင် မြန်မာ့ လက်ရွေးစင်ကစားသမား သက်ခိုင်ဦးသည် In–line Freestyle Speed Slalom ပြိုင်ပွဲ၌ ငွေတံဆိပ်နှင့် In–line Freestyle Jump ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲ၏ ၂၀၂၅ ခုနှစ် ပြိုင်ပွဲတွင်လည်း မြန်မာ့ လက်ရွေးစင် in–line Freestyle Team သည် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**ဝန်းရံ့ခ**


# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## ရေဘေးပညာပေးစာစောင်

### ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစ ရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



### ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများ၊ ချောင်းဖျားမြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲ သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ၊မရှိ စစ်ဆေးပါ။

### ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အပုပ်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစားအစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။



### အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- [ ] ရေနှင့် ဓာတ်ဆားများ
- [ ] ကြာရှည်ခံအစားအစာများ
- [ ] ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ်ခြုံစောင်
- [ ] အဝတ်အစားများ
- [ ] ရေစိုခံမိုးကာ
- [ ] အကြမ်းခံသည့် ဖိနပ်၊
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- [ ] ဘက်စုံသုံး အိတ်ဆောင်ဓား၊ကြိုး
- [ ] ဖယောင်းတိုင်၊ မီးခြစ်
- [ ] အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- [ ] တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- [ ] ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- [ ] ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



# ပြီးခဲ့သည့်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို စီရော်နယ်ဒိုကိုကျော်ဖြတ်ပြီး ဂျာအိုဖီးလစ်ရရှိ


ရီယက် ဩဂုတ် ၁၆

ပြီးခဲ့သည့် ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အယ်နာဆာအသင်းဖော် စီရော်နယ်ဒိုကို ကျော်ဖြတ်ပြီး ဂျာအိုဖီးလစ်က ဆွတ်ခူးရရှိခဲ့သည်။

ဂျာအိုဖီးလစ်သည် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အယ်နာဆာအသင်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အယ်နာဆာအသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် သွင်းဂိုး ၂၀ သွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၃ ကြိမ်ပြုလုပ်နိုင်ကာ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်သကဲ့သို့ ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင်လည်း ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။ ဂျာအိုဖီးလစ်သည် ပထမဆုံးဘောလုံးရာသီတွင်ပင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲစုံ ၂၆ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၈ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖွင့်ပွဲစဉ်အဖြစ် ကစားသည့် အယ်နာဆာအသင်းနှင့် အယ်ဖာတက်အသင်းတို့ ပွဲစဉ်မတိုင်မီ အဆိုပါဆုကို လက်ခံရယူခဲ့ခြင်းဖြစ်သည်။

ဂျာအိုဖီးလစ်သည် ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် အယ်နာဆာအသင်းနှင့် အယ်ဖာတက်အသင်းတို့ပွဲစဉ်တွင်လည်း အသင်းနှင့်အတူ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပွဲချိန်မိနစ် ၄၀ တွင် အသင်းဖော်မာနေး၏ဖန်တီးပေးမှုမှ တစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

***Ref:Fabrizio Romano***

## လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

- ဘာစီလိုနာအသင်းက မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီအား ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ဖြင့် တတိယအကြိမ် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း မန်စီးတီးအသင်းက ထပ်မံပယ်ချခဲ့ပြီး ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ထားသည်။
- ချယ်လ်ဆီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် နီကိုလတ်ဂျက်ဆင်အား စပါးအသင်းအပြင် အက်သလက်တီကိုအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိပြီး ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၆၉ သန်း သတ်မှတ်ထားသည်။
- ပီအက်စ်ဂျီအသင်းက ပါးမားအသင်းမှ ဂိုးသမား ဇူဆူကီးအား ခေါ်ယူရန် သဘောတူညီမှုရရှိပြီးနောက် အပြောင်းအရွှေ့ဖြစ်မြောက်ရန်နီးစပ်ခဲ့သော်လည်း လက်ရှိတွင် ခေါ်ယူမည့်အစီအစဉ်ကို ပြန်လည်ဖျက်သိမ်းပြီးနောက် အက်စ်တွန်ဗီလာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည်။
- အာဆင်နယ်အသင်းက အက်စ်တွန်ဗီလာအသင်းမှ ခံစစ်ကစားသမား ကွန်ဆာအား ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူနိုင်ရန်နီးစပ်လျက်ရှိပြီး ဆွေးနွေးမှုများမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေကာ မကြာမီ အပြီးသတ်စာချုပ်ချုပ်ဆိုရန် လုပ်ဆောင်နေသည်။

# တရုတ်အိုးပင်းစနူကာပြိုင်ပွဲ၌ ဇူဟူယူလောင်ကိုအနိုင်ရပြီး ထိုင်းစနူကာကစားသမားနော့ပွန် ဗိုလ်လုပွဲသို့တက်ရောက်

ပေကျင်း ဩဂုတ် ၁၆

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် တရုတ်အိုးပင်းစနူကာပြိုင်ပွဲတွင် ထိုင်းစနူကာကစားသမားနော့ပွန်က အိမ်ရှင်တရုတ်ထိပ်တန်းစနူကာကစားသမား ဇူဟူယူလောင်အား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နော့ပွန်သည် ရလဒ်ကောင်းများဆက်တိုက်ရယူနိုင်ခဲ့ပြီး လက်ရှိစနူကာလောကတွင် ထိပ်တန်းကစားသမားများဖြစ်ကြပြီး အင်္ဂလန်စနူကာကစားသမားများဖြစ်သည့် ဂျူထရန့်၊ ရွှန်းနီအိုဆူလီဗန်နှင့် မူဖေးလ်တို့ကို အဆင့်ဆင့်ကျော်ဖြတ်ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အကောင်းဆုံးပြိုင်ပွဲဖြစ်လာခဲ့သည်။

အလားတူ နော့ပွန်သည် တရုတ်အိုးပင်းစနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင်လည်း အိမ်ရှင်တရုတ်ထိပ်တန်းစနူကာကစားသမား ဇူဟူယူလောင်နှင့် ကစားခဲ့ရာ ခြောက်ပွဲ၊ ငါးပွဲရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နော့ပွန်သည် ၂၀၂၃ ခုနှစ်က ကျင်းပခဲ့သည့် စကော့တစ်အိုးပင်းစနူကာပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီးနောက်ပိုင်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမရှိဘဲ လက်ရှိ တရုတ်နိုင်ငံ၌ ကျင်းပနေသည့် တရုတ်အိုးပင်းစနူကာ ပြိုင်ပွဲမှသာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အင်္ဂလန်ကစားသမားဆဲလ်ဘိုင်နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref;Totally Snookered***




# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရိုမေးနီးယားတင်းနစ်မယ်ရူဆီအား အနိုင်ရပြီး ဖိလစ်ပိုင်တင်းနစ်မယ် အီလာ နောက်တစ်ဆင့်တက်ရောက်နိုင်

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး ဩဂုတ်လ ၁၁ ရက်မှ ၂၄ ရက်အထိ ကျင်းပနေသည့် ၂၀၂၆ ခုနှစ် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်တင်းနစ်မယ် အီလာသည် ရိုမေးနီးယားတင်းနစ်မယ် ရူဆီအား အနိုင်ရပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

အသက် ၂၁ နှစ်အရွယ် အီလာသည် ၆၄ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး ရူဆီသည် ၁၂၈ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ကာ ၆၄ ဦး ရှုံးထွက်အဆင့်ပွဲစဉ်၌ အီလာက ပထမပွဲစဉ်တွင် ဦးဆောင်ခဲ့ပြီး ဒုတိယပွဲစဉ်၌လည်း ဦးဆောင်နေသည့်အချိန်တွင် ရူဆီအနေဖြင့် ဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် အီလာက အနိုင်ရရှိပြီးနောက် ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဖိလစ်ပိုင်တင်းနစ်မယ်အီလာသည် ၂၀၂၆ ခုနှစ် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ပြီးနောက် ၃၂ ဦးရှုံးထွက်အဆင့်တွင် အမေရိကန်တင်းနစ်မယ် အန်နီဆီမိုဗာနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်တင်းနစ်မယ် အန်နီဆီမိုဗာသည်လည်း ၆၄ ဦး ရှုံးထွက်အဆင့်တွင် တူကီယဲတင်းနစ်မယ် ဆွန်မက်နှင့်ကစားရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီးနောက် ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အီလာသည် ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။ ၎င်းသည် အမျိုးသမီးတစ်ဦးချင်းကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် ၂၀ နေရာ၌ ရပ်တည်လျက်ရှိပြီး ပရော်ဖက်ရှင်နယ်တင်းနစ်မယ် ကစားသမားဘဝတွင် ၃၇ ပွဲအနိုင်ရရှိထားကာ ၁၉ ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူဖြစ်သည်။ အန်နီဆီမိုဗာသည် အမျိုးသမီးတစ်ဦးချင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၀ နေရာ၌ ရပ်တည်နေသည်။

ဖိလစ်ပိုင်တင်းနစ်မယ် အီလာနှင့် အမေရိကန်တင်းနစ်မယ် အန်နီဆီမိုဗာတို့သည် ၂၀၂၆ ခုနှစ် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဩဂုတ်လ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref:WTA Tennis***

# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်လိုအပ်သော ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.7.Med Supplies(2026–2027)

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၈-၂၀၂၆ ရက်နေ့

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၃၁-၈-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

# ပို့ဆောင်ရေးဝန်ကြီးဌာန
# မြန်မာ့မီးရထား
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၀၉/မမ/CE | **တိုင်းအမှတ်(၅)၊ တောင်ငူ** တောင်ငူဘူတာနှင့် ရေနီဘူတာကြားရှိ တံတားအမှတ်(၂၇၈)(၃၀၆)(၃၁၉)(၃၂၀)(၃၂၅)(၃၃၀)တို့တွင် ရထားလမ်း တာပေါင်မြေနှင့်လမ်းခင်းကျောက်များ လျှောကျမှုမရှိစေရန် Retaining Wall တည်ဆောက်ခြင်း(၁၄၀၀-ပေ) |
| ၂ | ၃၁၀/မမ/CE | ပျော်ဘွယ်ဘူတာယာဒ်ဝင်း Chain Link ခြံစည်းရိုးကာရံခြင်း(၃၁၄၈-ပေ)၊ ရမည်းသင်းဘူတာယာဒ်ဝင်း Chain Link ခြံစည်းရိုးကာရံခြင်း(၃၈၁-ပေ)နှင့် အင်ဂျင်နီယာမှူး(မြို့ပြ)နေအိမ် Chain Link ခြံစည်းရိုးကာရံခြင်း(၄၄၈-ပေ)(RC တိုင်၊ (7'-6")အမြင့်၊ သွပ်ဆူးကြိုး(1'-6")အပါ) စုစုပေါင်း(၃၉၇၇-ပေ) |
| ၃ | ၃၁၁/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊** ရန်ကုန်မြို့ပတ်လမ်းပိုင်း ဘုရားလမ်းဘူတာနှင့် လမ်းမတော်ဘူတာကြားတွင် မြေထိန်းနိုင်ရန် Retaining Wall(၁၃၀၀-ပေ)တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ၃၁၂/မမ/CE | ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း (၁၈၉၂-ပေ) |
| ၅ | ၃၁၃/မမ/CE | **တိုင်းအမှတ်(၈)၊ မော်လမြိုင်** မော်လမြိုင်ဘူတာစက်ခေါင်းပြင်စက်ရုံသစ်တွင် စက်ခေါင်းဆီထည့်သည့် ချောဆီရုံတည်ဆောက်ခြင်း(1350 Sft)နှင့် တွဲပြင်ရုံသစ်တည်ဆောက်ခြင်း(8640 Sft) |
| ၆ | 12(T)29/MR (ML/YUG) | စက်ပစ္စည်းကိရိယာ(၁၉)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)မှ(၅)အထိ (၂၄-၈-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၆) (၃၁-၈-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇-၈-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**

**ပျောက်ဆုံးကြောင်း**
စိုးမြတ်မင်း(ဘ)ဦးဟန်ဝင်းအောင် ၁၀/ခဆန(နိုင်)၁၃၂၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 406686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၁၄၈၈၀၃၃

**ပျောက်ဆုံးကြောင်း**
ဟိန်းဝင့်သူ(ဘ)ဦးမင်းမြင့်ဆွေ ၁၀/မလမ(နိုင်)၂၆၇၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၅၅၂၀၁၃

**ပျောက်ဆုံးကြောင်း**
သီတာစိုး(ဘ)ဦးကာဒယ် ၁၀/မလမ(နိုင်)၁၅၆၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 647383)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၆၇၀၂၁၂

**ပျောက်ဆုံးကြောင်း**
မစိုးနွယ်(ဘ)ဦးသာပင် ၁၀/မဒန(နိုင်)၀၇၄၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၅၉၆၅၂၄

**ပျောက်ဆုံးကြောင်း**
မောင်နူဒင်(ဘ)ဦးချစ်တီး ၃/မဝတ(နိုင်)၁၁၀၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 912470)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၆၇၀၂၁၂

**ပျောက်ဆုံးကြောင်း**
မိသျှင်သိမ်မွေ့(ဘ)ဦးဇော်ဇော်ခက် ၁၀/သဖရ(နိုင်)၂၀၆၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၀၅၅၄၆၃

**ပျောက်ဆုံးကြောင်း**
သင်းသင်းမွှေး(ဘ)ဦးနိုင်အေးကို ၁၀/သဖရ(နိုင်)၁၀၆၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၀၅၅၄၆၃

**ပျောက်ဆုံးကြောင်း**
သော်ဇင်ကျော်(ဘ)ဦးကျော်မင်း ၁၀/မလမ(နိုင်)၁၉၀၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

**ပျောက်ဆုံးကြောင်း**
စောအောင်ကျော်ဦး ၃/ဘအန(နိုင်)၂၉၈၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၆၉၅၃၀၈

**ပျောက်ဆုံးကြောင်း**
ဝေယံဖြိုး(ဘ)ဦးမြင့်ဝင်း ၅/ရဘန(နိုင်)၂၄၇၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 776871)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၈၅၂၆၇၁

**ပျောက်ဆုံးကြောင်း**
ဖြူပြာငွေး(ဘ)ဦးစိန်ငွေး ၁၂/ရကန(နိုင်)၀၆၉၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 395424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၀၀၂၆

**ပျောက်ဆုံးကြောင်း**
ဖြိုးသီဟကျော်(ဘ)ဦးတင်နိုင်ဝင်း ၈/ရစက(နိုင်)၂၅၆၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 182322)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၀၅၆၁၀၄၃

**ပျောက်ဆုံးကြောင်း**
စည်သူမင်း(ဘ)ဦးစံမောင် ၇/ကဝန(နိုင်)၂၀၀၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်ငြိမ်းချမ်းကို(ဘ)ဦးဝင်းကို ၁၂/ဗဟန(နိုင်)၀၉၉၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၁၁၅၅၀၇

**ပျောက်ဆုံးကြောင်း**
စိန်ဖေ(ဘ)ဦးဖုန်ကြင်ကြူး ၁၃/သနန(နိုင်)၀၂၃၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၄၅၁၄၁၈၈

**ပျောက်ဆုံးကြောင်း**
ဖြိုးပပဝင်း(ဘ)ဦးသန့်စင်ထွန်း ၁၄/မအပ(နိုင်)၃၃၁၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၈၅၈၇၉၁၅

**ပျောက်ဆုံးကြောင်း**
သွယ်သွယ်စိုး(ဘ)ဦးဝင်းချို ၉/ခအဇ(နိုင်)၀၆၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
တောင်တွင်းကြီးမြို့၊ စမ်းကုန်းရွာနေ သင်းသင်းစိုး(ဘ)ဦးမြင့်ဦး ၈/တတက(နိုင်)၂၂၃၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရွှန်းလဲ့နဒီကိုကို(ဘ)ဦးဇင်မင်းသန့် ၉/မကန(နိုင်)၁၇၇၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နော်ကူးမ(ဘ)ဦးအီဗရာဟင် ၁၄/ပတန(နိုင်)၁၀၆၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ငွေ(ဘ)ဦးရာကွတ်(ခ)လှရွှေ ၁၂/ဗတထ(နိုင်)၀၃၄၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်ကျော့ကေခိုင်(ဘ)ဦးမြင့်နိုင် ၅/ကသန(နိုင်)၁၄၂၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အိမွန်ကျော်(ဘ)ဦးစောဝင်းမောင် ၉/မခန(နိုင်)၁၆၁၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်နေ မရွှန်းလဲ့လဲ့ထွန်း(ဘ)ဦးထွန်းထွန်းလတ် ၅/ရဘန(နိုင်)၂၄၅၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၇၂၈၁၈၀

**ပျောက်ဆုံးကြောင်း**
မစန်းဝါ(ဘ)ဦးတင်အုန်း ၁၂/သကတ(နိုင်)၁၇၆၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လုထွယ်(ဘ)ဦးမရန်ဇော်အောန် ၁/မကန(နိုင်)၂၄၀၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 091984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၉၄၈၆၄၁

**ပျောက်ဆုံးကြောင်း**
လဲ့လဲ့ခိုင်(ဘ)ဦးတင်အုန်း ၇/လပတ(နိုင်)၁၄၅၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅


**အားကစားမြှင့်တင် စိတ်လန်းရှင်**
**ဆန့်ကျင်မူးယစ်ဆေး**



သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



♥ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
♥ မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
♥ သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည်ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
♥ မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
♥ ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
♥ ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ-ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



စာပေအလင်းရရှိဖို့ သုတအလင်းကိုဖတ်ကြစို့

သုတအလင်း Knowledge Light Magazine မဂ္ဂဇင်း



နာမည်ကြီးစာရေးဆရာများဖြစ်ကြသော နေဇင်လတ်၊ မြင်းမူမောင်နိုင်မိုး၊ ဓာနည်၊ ကောင်းစည်သူ၊ ဇော်ဦးငြိမ်း၊ ဒေါက်တာသိင်္ဂီကျော်၊ ကျော်အောင်(ဖျာပုံတမံ)၊ ဝင်းဇော်(သုံးဆယ်)၊ မောင်သောင်းဝင်း(တမန်ဟောင်း) တို့၏ စာကောင်းပေမွန် ဆောင်းပါးများ၊ ကဗျာများပါဝင်သည့် နိုင်ငံရေး၊ စာပေ၊ ရှေးဟောင်းသုတ၊ နိုင်ငံတကာ၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာသုတ၊ ထူးဆန်းထွေလာ၊ စိုက်မွေးသုတ၊ ယဉ်ကျေးမှု၊ အထွေထွေဗဟုသုတစသည့် ကဏ္ဍမျိုးစုံနှင့်အတူ သင်၏စာအုပ်စင်၌ အမြဲထိန်းသိမ်းထားရှိသင့်သည့်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လထုတ် သုတအလင်းမဂ္ဂဇင်း
ထွက်ရှိပါပြီ။

ဖြန့်ချိရေး - မြဝတီစာပေတိုက်၊ ဗိုလ်ကောင်းလမ်း၊ မြဝတီဒီဗီယာစင်တာ(မြေညီထပ်) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)
E-mail - knowledgelight16@gmail.com

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**မိခင်အမည်မှန်**

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အနန်းကုန်းကျေးရွာ၊ အ.ထ.က(အနန်းကုန်း)ကျောင်း Grade-11 မှ နော်စပီဖေါ ၁၄/ပသန(နိုင်)၃၅၉၆၀၆၏မိခင်အမည်မှန်မှာ နော်အဲဗားရီး ၁၄/ပသန(နိုင်)၁၉၃၅၂၇ ဖြစ်ပါကြောင်း။ **နော်အဲဗားရီး**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နီးပဒေါ်ကျေးရွာ၊ အ.ထ.က(ခွဲ)၊ Grade-11 မှကျောင်းဝင်အမှတ်-၃၅/၁၅၊ မအိုင်စွမ်း၏ဖခင်အမည်မှန်မှာ ဦးပန်းနွယ် ၁၀/မဒန(နိုင်)၂၄၃၈၈၇ ဖြစ်ပါကြောင်း။ **ဦးပန်းနွယ်**

**ဖခင်အမည်မှန်**

ဘားအံမြို့၊ အ.ထ.က(ကော့ရင်းအောက်)၊ Grade-8 မှမောင်ပိုင်ပိုင်နှင့် Grade-2 မှမမိုးနှင်းဖြူတို့၏ဖခင်အမည်မှန်မှာ ဦးဝင်းမင်းဦး ၃/ဘအန(နိုင်)၂၆၆၉၇၇ ဖြစ်ပါကြောင်း။ **ဦးဝင်းမင်းဦး**

**ပျောက်ဆုံးကြောင်း**

အောင်ကိုကိုထွန်း(ဘ)ဦးအက်စ်ကူးမား ၁/ရကန(နိုင်)၀၄၁၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 343329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**

အောင်ကျော်ဆန်း(ဘ)ဦးစိန်ဝင်း ၁၂/မဂဒ(နိုင်)၁၁၀၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 567027)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

စောတင်ဝင်း(ဘ)ဦးကြည်လှိုင် ၁၀/ပမန(နိုင်)၁၀၀၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၅၁၇၄၈၄

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၇ယ/၈၁၄၆၊ လက်ဝယ်ရှိသူ ဦးမင်းခင်ဇော် ၁၀/ကမရ(နိုင်)၀၇၁၄၀၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး

မော်လမြိုင်မြို့

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၈၅၃၅၉၊ လက်ဝယ်ရှိသူ ဦးမင်းခင်ဇော် ၁၀/ကမရ(နိုင်)၀၇၁၄၀၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး

မော်လမြိုင်မြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (နှစ်ဆင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ စာချုပ်ဆေးခန်းများတွင်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို စာချုပ်ဆေးဆိုင်ကောင်တာဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သောဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၇-၈-၂၀၂၆ ရက်နေ့မှ ၁-၉-၂၀၂၆ ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် | - | ၁၄-၉-၂၀၂၆ ရက်နေ့(၁၆: ၃၀)နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - | လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/ စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website www.mol. gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website www.ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း - ၀၆၇-၃၄၁၇၉၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**

သက်ပိုင်ဦး(ဘ)ဦးသိန်းလွင် ၇/ရတန(နိုင်)၁၁၅၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၈၆၆၂၉၂

**ပျောက်ဆုံးကြောင်း**

ဟေမာန် အောင် (ဘ) ဦးစိုးအောင် ၁၀/ကထန(နိုင်)၁၃၆၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 753106)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၁၄၈၈၀၃၃

**ပျောက်ဆုံးကြောင်း**

မင်းသိုက်အောင်(ဘ)ဦးမင်းသန်း ၁၀/ကမရ(နိုင်)၁၇၉၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၁၅၄၆၃၉

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
## ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု(ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ)ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၄)ခုအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများကို သတ်မှတ်ချက်နှင့်အညီ ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က) လယ်ဝေးမြို့နယ်၊ ရှမ်းရွာကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) (၁)ခု

(ခ) တပ်ကုန်းမြို့နယ်၊ မြောက်မြိုက်ကျန်းမာရေးဌာန (၁)ခု
- (၁၉၃၂စ/ပေ)အဆောက်အဦ(၁)ထပ်
- (၉၂၈စ/ပေ)(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)ထပ်
- (၁၂၆၉စ/ပေ)(၃)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)ထပ်

(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain နှင့် အခြားဆက်စပ်လုပ်ငန်းများအပါအဝင်)

(ဂ) ဇေယျာသီရိမြို့နယ်၊ မရင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) (၁)ခု

(ဃ) ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) (၁)ခု

| | | | |
|---|---|---|---|
| ၂။ | အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်နှင့်အချိန် | - | ၁၇-၈-၂၀၂၆ ရက် နံနက်(၁၀:၀၀)နာရီ |
| | အိတ်ဖွင့်တင်ဒါပုံစံ နောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် | - | ၃၁-၈-၂၀၂၆ ရက် ညနေ(၄:၀၀)နာရီ |
| | အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်နေရာ | - | နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ် |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၅၅၀၁၈၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

မိသီတာမွန်(ဘ)ဦးမောင်ကျန် ၃/ကကရ(နိုင်)၁၆၄၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 224770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

**ပျောက်ဆုံးကြောင်း**

မေသဇင်ဦး(ဘ)ဦးဝင်းဖေ ၁၀/ခဆန(နိုင်)၁၃၄၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၃၆၇၄၃၃

**ပျောက်ဆုံးကြောင်း**

မင်းပြည့်ဖြိုးအောင်(ဘ)ဦးမြင့်လွင် ၁၀/ကမရ(နိုင်)၁၆၈၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၃၆၇၄၃၃


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရှည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော်   ဩဂုတ် ၁၆

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား ပြည်ပနိုင်ငံများဖြစ်သည့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့တွင်ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၈ ရက်ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက် ည ၇နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ်လ ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (မန္တလေး)တည်ဆောက်ဖွင့်လှစ်မည်

စာ - ၅ သို့

## အရည်အသွေးကောင်းမွန်သည့် GW-11 မြန်မာ့ဆန်ကို ဖိလစ်ပိုင်နိုင်ငံမှ မှာယူမှုများပြား

ရန်ကုန်   ဩဂုတ် ၁၆

မြန်မာ့ဆန်များကို ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့သည့် ဆန်အရည်အသွေးကောင်းမွန်သော GW-11 မြန်မာ့ဆန်အား မှာယူမှုများပြားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံနည်းတူ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်တင်ပို့လျက်ရှိပြီး မြန်မာနိုင်ငံမှ GW-11 အမျိုးအစားဆန်ကို အများဆုံးမှာယူမှုသည် ဆန်ကြိတ်ခွဲမှု နည်းပညာပိုင်းဆိုင်ရာထက် စာမျက်နှာ ၂၅ ကော်လံ ၄ ■



### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၈-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဘီးလင်း | ၄ | ဒသမ | ၂၉ | လက်မ |
| ဓနုဖြူ | ၄ | ဒသမ | ၀၀ | လက်မ |
| ဘားအံ | ၃ | ဒသမ | ၅၄ | လက်မ |
| ငါးသိုင်းချောင်း | ၃ | ဒသမ | ၂၃ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၂၃ | လက်မ |
| သထုံ | ၃ | ဒသမ | ၁၀ | လက်မ |
| လှိုင်းဘွဲ့ (ရွှေဂွန်း) | ၃ | ဒသမ | ၁၀ | လက်မ |



## နိုင်ငံတကာစကိတ်ပြိုင်ပွဲတွင် မြန်မာကစားသမား သက်ခိုင်ဦး ငွေတံဆိပ်နှင့်ကြေးတံဆိပ်ဆွတ်ခူး

ရန်ကုန်   ဩဂုတ် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Inner Mongolia, Hohhot မြို့၌ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ဒုတိယအကြိမ် Inner Mongolia International Skating Open 2026 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်ကစားသမား သက်ခိုင်ဦးသည် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၆ ကော်လံ ၃ ❍

## ရောဝတီမြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော်   ဩဂုတ် ၁၆

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (၆ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၈ စင်တီမီတာ (၁ ပေ ၁၁ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး စာမျက်နှာ ၂၅ ကော်လံ ၁ ▲

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန်   ဩဂုတ် ၁၆

မျိုးဆက်သစ်ရိုးရာလက်ဝှေ့အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိသိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ စာမျက်နှာ ၂၆ ကော်လံ ၁ ❒



## MNL U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်စီးတီးအသင်း မြဝတီအသင်းကိုဂိုးပြတ်အနိုင်ရ



ရန်ကုန်   ဩဂုတ် ၁၆

2026 MNL U-20 လူငယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃)နောက်ဆုံးနေ့ ပွဲစဉ်ဖြစ်သည့် ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ယနေ့ညနေပိုင်းတွင် ဗဟန်းကွင်း၌ယှဉ်ပြိုင်ကစားရာ စာမျက်နှာ ၂၆ ကော်လံ ၄ ●

### အောင်ပွဲရ ပြည်နယ်လက်ရွေးစင် ဘတ်စကက်ဘောအသင်းအား မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆို

စာ - ၂၆ သို့

### (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

စာ - ၂၆ သို့